# TBBC လုပ်ငန်းအစီရင်ခံစာ။ ။ ဇူလိုင် – ဒီဇင်ဘာ ၂၀၀၆

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော အစီရင်ခံစာအပြည့်အစုံအား

www.tbbc.org/resources တွင်

ရရှိနိုင်ပါသည်။

၁၊ အကျဉ်းချုပ်နှင့် ဘဏ္ဍာငွေတောင်းခံမှု

**မေတ္တာရပ်ခံချက်**။ ။ ယခုအစီရင်ခံစာသည် ၂၀၀၆ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထိုင်းမြန်မာနယ်စပ်အဖွဲ့၏ လုပ်ငန်းအစီအစဉ်များကို ဖေါ်ပြထားခြင်းဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်အတွက် ဘတ်ငွေ ၁၂၀၂ သန်း (အမေရိကန်ဒေါ်လာ ၃၄သန်း သို့မဟုတ် ယူရို ၂၆သန်း) အတွက် တောင်းဆိုချက်တခုလည်း ဖြစ်သည်။

**ဒုက္ခသည်အရေအတွက်**။ ။ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ခြမ်းတွင် မြန်မာစစ်တပ်များ၏ လှုပ်ရှားမှုများ ထူထပ်စွာရှိနေသည်ဟူသော အစီရင်ခံစာများ ထွက်ပေါ်နေသော်လည်း မိုးဥတုစသည်နှင့်အတူ ဒုက္ခသည်အသစ်ထပ်မံရောက်ရှိမှု အရေအတွက်သည် ယခုနှစ်၏ ဒုတိယကာလအတွင်း ကျဆင်းခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်း ယင်းဒေသများတွင် လူဦးရေ ၂၇၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်ဟု အစီရင်ခံမှုများ ရှိခဲ့သည်။ လူဦးရေ အရေအတွက်အား အတိအကျပြောရန် ခက်ခဲနေသေးသော်လည်း ဒီဇင်ဘာလအကုန် ခြောက်လအတွင်း TBBC ၏စုစုပေါင်းလူဦးရေ ၁၆၅၉၀၁ ဦးတွင် ၂၉၉၅ ဦးတိုးတက်ခဲ့ပြီး၊ သို့မဟုတ် ၂၀၀၆ ခုနှစ် တစ်နှစ်လုံးတွင် လူဦးရေ ၁၀၆၈၉ ဦး တိုးတက်ခဲ့သည်။ ယင်းတိုးပွားလာမှုသည် ၄၆၀၆ ဦးမွေးဖွားလာခြင်း၊ ၅၂၁ ဦးသေဆုံးခြင်း၊ ၄၇၈၉ ဦး တတိယနိုင်ငံများတွင် အခြေချရန်ထွက်ခွာသွားခြင်း နှင့် လူသစ်အပါအဝင် ဩဂုတ်လတွင် "ကဒ်ပြားကိုင်ဆောင်သူ (ခိုလှုံခွင့်လျှောက်ထားသူများ) " ဦးရေ ၂၅၀၀ စခန်းအတွင်းသို့ ပြောင်းရွှေ့လာခြင်း၏ အသားတင် ကိန်းဂဏန်းဖြစ်သည်။

**ပြန်လည်အခြေချမှု**။ ။ တတိယနိုင်ငံများတွင် ပြန်လည်အခြေချရန် ထွက်ခွာသွားသော ၄၇၈၉ ဦးသည် ယခင်မျှော်လင့်ထားသော ဦးရေထက် နည်းပါးသည်။ အဓိကအချက်မှာ အမေရိကန်နိုင်ငံ၏ ဥပဒေအရ ထန်ပာင်းစခန်းအတွင်း လုပ်ငန်းစဉ်များ ကြန့်ကြာခဲ့ရသောကြောင့် ဖြစ်သည်။ ယင်းပြဿနာအား ယခုအချိန်တွင် ဖြေရှင်းပြီးသွားပြီ ဖြစ်သောကြောင့် ၂၀၀၇ ခုနှစ်တွင် ပြန်လည်အခြေချမှု ကိန်းဂဏန်း ပိုမို မြင့်တက်လာနိုင်သည်ဟု မျှော်လင့်ထားရသည်။ ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စုသည် မယ်လစခန်းအတွင်း နေထိုင်သူများအား ပြန်လည်အခြေချနိုင်ခွင့် အခွင့်အလမ်းကို ဖွင့်ပေးထားသဖြင့် ၂၀၀၇ ခုနှစ်တွင် တတိယနိုင်ငံများသို့ စုစုပေါင်း ဒုက္ခသည် ၂၀၀၀၀ ခန့် ထွက်ခွာကောင်း ထွက်ခွာနိုင်သည်။ သို့သော် ဗျူရိုကရက်တစ်လုပ်ဟန်များ၊ ငွေကြေးနှင့် အခြားသောခရီးသွားလာရေးကိစ္စရပ်များက လက်တွေ့လုပ်ငန်းစဉ် အတွက် အခက်အခဲ ဖြစ်နေလိမ့်မည်။ ဒုက္ခသည်ဦးရေလျှော့ထားချက်သည် အလွန်များပြားလွန်းသည်။ ပြန်လည်အခြေချရေး အခွင့်အလမ်းများ များပြားနေချိန်တွင် စခန်းအတွင်း စီမံခန့်ခွဲရေးနှင့် အထောက်အပံ့များ သယ်ယူပို့ဆောင်ရေးအတွက် လုပ်ဆောင်နေသော ကျွမ်းကျင်လုပ်သားများနှင့် ခေါင်းဆောင်များ ဆုံးရှုံးမှုကိုလည်း မလွှဲမသွေ ကြုံတွေ့ရလိမ့်မည် ဖြစ်သည်။ ဖြစ်နိုင်ခြေများကို ဖေါ်ထုတ်ရန်၊ စခန်းတွင်းဘဝများအပေါ် သက်ရောက်မှုကို စုံစမ်းရန်နှင့် မဟာဗျူဟာမြောက်ဖြေရှင်းချက်တစ်ခုအတွက် အကြံပြုချက်များပေးရန် လေ့လာမှုတစ်ခုကို ဆောင်ရွက်နေဆဲ ဖြစ်သည်။

**အလားအလာများ**။ ။ မြန်မာပြည်အရှေ့ပိုင်းအတွင်း ဆက်လက်ဖြစ်ပေါ်နေဆဲ စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြန်လည်အခြေချရေး ထွက်ခွာမှုနှုန်းပေါ်မူတည်၍ ၂၀၀၇ ခုနှစ်အတွင်း စခန်းအတွင်း စုစုပေါင်းလူဦးရေ ထိုးကျသွားမည် ဖြစ်သည်။ ထို့ကြောင့် ကာလရှည်စခန်းအတွင်းနေထိုင်ရခြင်း၏ သက်ရောက်မှုကို ရေရှည်ခံစားရမည့် စခန်းအတွင်းဒုက္ခသည်များ၏ ဘဝအခြေအနေတိုးတက်ရေးအတွက် အမြဲတစေလုပ်ဆောင်ရန်မှာ အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်သည်။ တော်ဝင်ထိုင်းအစိုးရသည် ဝင်ငွေ

ဖန်တီးပေးသည့် လုပ်ငန်းစီမံချက်များကဲ့သို့သော ကြိုးပမ်းချက်အသစ်များ လုပ်ဆောင်ရန် သဘောတူထားသကဲ့သို့ ဒုက္ခသည်များအား အလုပ်ပေးရန် စမ်းသပ်ဆောင်ရွက်ခြင်း နှင့် ပညာရေးအဆင့်အတန်း ပိုမိုတိုးတက်စေရေးတို့အတွက်လည်း သဘောတူထားသည်။ သို့သော် ယင်းအခွင့်အလမ်းများ အထမြောက်အောင်မြင်စေရေး တိုးတက်မှုများမှာ နှေးကွေးနေဆဲ ဖြစ်သည်။ အန်ဂျီအိုများ နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သည် ၂၀၀၇ /၂၀၀၈ ခုနှစ် အတွက် လုပ်ငန်းစီမံချက် ပိုမိုကောင်းမွန်စေရေး လုပ်ဆောင်လျက်ရှိပြီး၊ ယင်းအစီအစဉ်တွင် အလှူရှင်များနှင့် တော်ဝင်ထိုင်းအစိုးရအတွက် ဆောင်ရွက်ရမည့် ပို၍အသေးစိတ်သော လုပ်ငန်းစီမံချက်များ ပါရှိလိမ့်မည်ဖြစ်သည်။

TBBC ၏ အသုံးစရိတ်များ။ ။ ၂၀၀၆ ခုနှစ်အတွင်း တွေ့ကြုံခဲ့ရသော ဘဏ္ဍာငွေ အကြပ်အတည်းအား ဝိုင်းဝန်းကူညီခဲ့ကြသည့် အလှူရှင်များအားလုံးအား TBBC မှ နှစ်ထောင်းအားရ ဖြစ်ရပါသည်။ ဘဏ္ဍာငွေသုံးစွဲမှုသည် ၂၀၀၅ ခုနှစ်တွင် ဘတ်ငွေသန်း ၉၇၅ ဖြစ်ပြီး၊ ယခုနှစ်တွင် ၁၀၅၆ သန်း (+ ၈ ရာခိုင်နှုန်း) ဖြစ်ခဲ့သည်။ နှစ်အကုန်အထိ TBBC ၏ ဘဏ္ဍာငွေ လုံလုံလောက်လောက်ရှိခဲ့သည်။ လျာထားငွေထက် ၁၈ သန်းသာ လျော့နည်းခဲ့သည်။ သို့သော် ငွေကြေးအကြပ်အတည်း မဖြေရှင်းနိုင်ခင် ၂၀၀၆ ခုနှစ်အတွင်း အဆောက်အဦးအတွက် လိုအပ်သော ပစ္စည်းများနှင့် တခြားအစားအသောက်မဟုတ်သော အထောက်အပံ့များကို ဖြတ်တောက်ခဲ့သည်။ ၂၀၀၇ ခုနှစ်အတွက် လုပ်ငန်းလျာထားငွေသည် ၁၂၀၂ သန်းဖြစ်ပြီး ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အကြောင်းမှာ ယခင်အထောက်အပံ့များ ဖြတ်တောက်ခဲ့မှုအား ပြန်လည် ဖာထေးရန် ဖြစ်သည်။ ၂၀၀၇ ခုနှစ် အလှူရှင်ကြီး တော်တော်များများသည် ၎င်းတို့၏ ကတိကဝတ်များကို အတည်ပြုရန် ကျန်ရှိနေသေးသည်။ သို့သော်လည်း ယခုလက်ရှိ မျှော်မှန်းချက်များ နှင့် ခန့်မှန်းခြေများအရ ဝင်ငွေ ၁၀၈၈ သန်းရှိသည်။ ထို့ကြောင့် TBBC သည် ၎င်း၏ လျာထားငွေထက် ၁၁၄ သန်း နည်းပါးနေသည်။ TBBC ၏ ဘဏ္ဍာငွေသည် ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လိမ့်မည် ဖြစ်သော်လည်း ၂၀၀၇ ခုနှစ်တွင် စုစုပေါင်း ငွေပမာဏသည် ဆိုးဆိုးဝါးဝါး လျော့ကျသွားလိမ့်မည် ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင်လည်း ဘဏ္ဍာငွေ အကြပ်အတည်းကို မလွဲမသွေ တွေ့ရဦးမည် ဖြစ်သည်။ အလှူရှင်ကြီးအများစုက TBBC အား ၎င်းတို့အနေနှင့် ငွေကြေးအထောက်အပံ့ကို ကာလသတ်မှတ်ချက်မရှိ တိုးမြင့်ပေးနိုင်ခြင်းမရှိဟု အတိအကျ သတိပေးလာသောအခါတွင် အထူးစိုးရိမ်ဖွယ် အခြေအနေတစ်ခု ဖြစ်လာသည်။

**TBBC ၏ ပဏာမခြေလှမ်းများ။** ။ ယခုအစီရင်ခံစာသည် TBBC လုပ်ငန်းစဉ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ် ချယ်မှုန်းထားသည်။ အထူးသဖြင့် ဒုက္ခသည်များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းနှင့် တန်းတူရှိမှု၊ ကိုယ်စားပြုမှု ကိစ္စရပ်များ ဖြေရှင်းခြင်း တို့ဖြစ်သည်။ အထူး တိုးတက်မှုတစ်ခုမှာ ရိက္ခာဝေခြမ်းရေးတွင် အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာရေးဟူသော ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအဆင့်မြင့်ကော်မရှင်၏ ဦးစားပေး ရည်မှန်းချက်များအနက်မှ တစ်ခုသည် တိုးတက်လာနေပြီ ဖြစ်သည်။ တစစ လူသိများလာသော TBBC ၏ website www.tbbc.org ၊ ရိက္ခာခွဲတမ်းစနစ်အသစ်အား ပြည်စုံစွာ မိတ်ဆက်ထားပြီးခြင်း၊ ရိက္ခာ လုံခြုံရေးနှင့်ပတ်သက်သော လမ်းညွှန်ချက်အသစ်တစ်ခု ဆောင်ရွက်နေခြင်း၊ ERA ပြန်လည်သုံးသပ်ခြင်းသည် မကြာခင်ကာလတွင် အဆုံးသတ်နိုင်ဖွယ်ရှိခြင်း နှင့် လူသားအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်း အသစ်များကို စတင်ဆောင်ရွက်နေခြင်း စသော အရာများသည် TBBC ၏ တိုးတက်မှုများ ဖြစ်သည်။

**နိုင်ငံရေးအခြေအနေ။** ။ မြန်မာပြည်အတွင်း နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်ချက်များသည် အားရဖွယ် မရှိသေးပေ။ အောက်တိုဘာလနှင့် ဒီဇင်ဘာလအတွင်း အမျိုးသားညီလာခံကျင်းပခဲ့ပြီး၊ ၂၀၀၇ ခုနှစ်တွင် ပြန်လည်ကျင်းပချိန်သည် အမျိုးသားညီလာခံ၏ နောက်ဆုံးအပိုင်းဖြစ်လိမ့်မည်ဟူသော ယူဆချက်များ တိုးပွားလာခဲ့သည်။ သို့သော် ယင်းလုပ်ငန်းသည် စစ်တပ်အုပ်ချုပ်မှု နောက်ထပ်ပုံစံအသစ်မှလွဲ၍ မည်သည့်အရာမှ ပေါ်ထွက်လာနိုင်ဖွယ်ရာမရှိ မျှော်လင့်ထားရပြီး၊ ဒီမိုကရေစီ လှုပ်ရှားမှု သို့မဟုတ်

တိုင်းရင်းသားလူမျိုးစုများအတွက် မျှော်မှန်းချက်များကို အသိအမှတ်ပြုမည့် အလားအလာမှာ လွန်စွာနည်းပါးလှသည်။

ဇန်နဝါရီလ၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ချရေးကို တရုပ်နှင့် ရုရှားတို့မှ ဗီတိုအာဏာဖြင့် ပယ်ချလိုက်ချိန်တွင် နအဖအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံတကာကြိုးပမ်းချက်များမှာ စိတ်ပျက်ဖွယ် ဖြစ်ခဲ့သည်။ နအဖက တိုင်းပြည်သည် ဆထက်တပိုး တိုးတက်လျှက်ရှိပြီး၊ တိုင်းပြည်၏ စီးပွားရေးမှာလည်း မယုံနိုင်လောက်အောင် အလားအလာကောင်းများရှိနေသည်စသော ၎င်း၏ မစားရဝခမန်း စကားလုံးများဖြင့် မည်သည့်ပြဿနာမျှ မဖြစ်လေသယောင် ပကတိအခြေအနေကို ငြင်းဆန်နေဆဲ ဖြစ်သည်။ စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုက မဝေးလှသော အနာဂတ်တွင် နယ်စပ်အခြေအနေများ ကောင်းမွန်လာလိမ့်မည် ဟူသော မျှော်လင့်ချက်ကို နည်းပါးစေသည်။ ထောင်ချီသော အရပ်သားများသည် အိုးအိမ်မဲ့ ဖြစ်နိုင်ဖွယ်ရှိပြီး၊ အများစုမှာ ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည် သို့မဟုတ် တရားမဝင်အလုပ်သမားများ အဖြစ်နှင့် ရောက်လာနိုင်ဖွယ်ရှိသည်။ ၎င်းတို့၏ မျှော်လင့်ချက်များသည် ဒုက္ခသည်စခန်းများအတွင်း ဝန်ဆောင်မှု၊ အကာအကွယ် အထောက်အပံ့များနှင့် ခိုလှုံခွင့်ဆက်လက်ပေးခြင်းစသည့် ထိုင်းအစိုးရ၏ ဆန္ဒအပေါ်တွင် မူတည်သည်။ စက်တင်ဘာလတွင် စစ်တပ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ကြားဖြတ်အစိုးရဖွဲ့ခဲ့ရသော ထိုင်းနိုင်ငံ၏ ပကတိနိုင်ငံရေး အကြပ်အတည်းကြောင့် မြန်မာနိုင်ငံ သို့မဟုတ် ဒုက္ခသည် အပေါ်တွင် ထားရှိသော ထိုင်းနိုင်ငံ၏ မူဝါဒသည် ကြီးမားစွာ ပြောင်းလဲခြင်း မရှိသေးပေ။ သို့သော် ဒီဇင်ဘာလတွင် ပြုလုပ်သော ထိုင်းအစိုးရ နှင့် အန်ဂျီအိုများပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အလေးဂရုပြုရန် နှင့် မှတ်ပုံမတင်ထားသော ဒုက္ခသည်များကို အထောက်အပံ့များ မပေးရန် အန်န်ဂျီအိုများကို သတိပေးခဲ့သည်။

## ၂။ ၂၀၀၆ ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာလအထိ ဒုက္ခသည်အခြေအနေ

### က။ လူဦးရေအလားအလာများ

စခန်းအတွင်းလူဦးရေ။ ။ မြန်မာနိုင်ငံနယ်စပ်အခြေအနေ သမိုင်းအကျဉ်းချုပ်အား နောက်ဆက်တွဲ (စ) တွင် ဖေါ်ပြထားပြီး ဖြစ်သည်။ ဒီဇင်ဘာလ အကုန်ပိုင်းတွင် TBBC နှင့်သက်ဆိုင်သော စုစုပေါင်း အိုးအိမ်မဲ့လူဦးရေ ၁၆၅၉၀၁ ရှိခဲ့ပြီး၊ ဇွန်လအကုန်တွင် ၁၆၂၉၀၆ ရှိခဲ့သည်။ ခြောက်လအတွင်း ၂၉၉၅ ဦးရေ တိုးတက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တနှစ်လုံးတွင် ၁၀၆၈၉ ဦးရေ တိုးတက်ခဲ့သည်။ ယင်းတိုးပွားလာမှုသည် ၄၆၀၆ ဦးမွေးဖွားလာခြင်း၊ ၅၂၁ ဦးသေဆုံးခြင်း၊ ၄၇၈၉ ဦး တတိယနိုင်ငံများတွင် အခြေချရန်ထွက်ခွာသွားခြင်း နှင့် လူသစ်အပါအဝင် စက်တင်ဘာလတွင် “ကဒ်ပြားကိုင်ဆောင်သူ (ခိုလှုံခွင့်လျှောက်ထားသူများ) ” ဦးရေ ၂၅၀၀ စခန်းအတွင်းသို့ ပြောင်းရွှေ့လာခြင်း၏ အသားတင် ကိန်းဂဏန်းဖြစ်သည်။

ဒုက္ခသည်လူဦးရေအတိအကျ ပြောဆိုရန်မှာ အခက်အခဲရှိနေသေးသည်။ အဘယ်ကြောင့်ဆိုသော် အသစ်ရောက်ရှိလာသူများကို အသိအမှတ်မပြုရန် စခန်းကော်မတီအား ဖိအားပေးထားမှု နှင့် ခရိုင်အုပ်ချုပ်ရေးဘုတ်အဖွဲ့ (PAB)သည် တချို့ လျှောက်လွှာများကို ဆက်လက်စဉ်းစားနေဆဲ ဖြစ်သောကြောင့် ဖြစ်သည်။ မျက်နှာချင်းဆိုင်စာမျက်နှာတွင် ဖေါ်ပြထားသော မြေပုံသည် လက်ရှိအခြေအနေတွင် အကောင်းဆုံးသော ခန့်မှန်းချက် ဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် မြန်မာစစ်တပ်၏ ဥပဒေမဲ့ လူသားချင်းညှင်းပမ်းနှိပ်စက်မှုများကြောင့် ဒုက္ခသည်အသစ်များသည် ထိုင်းနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာခဲ့ကြသည်။ လွန်ခဲ့သော ခြောက်လအတွင်း မြန်မာပြည်အရှေ့ခြမ်းအတွင်း အခြေအနေအား အောက်တွင် ဖေါ်ပြထားသည့်အတိုင်း

(2–e) တွင် ပြည်နယ်နှင့် တိုင်းအလိုက် နိုင်ငံအတွင်း အခြေမဲ့လှည့်လည်နေထိုင်သူများ အဖြစ် ဖေါ်ပြထားသည်။ ယခုနှစ် ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်လျှင် အသစ်ရောက်ရှိမှုသည် နည်းပါးသွားခဲ့သည်။ အဓိကအကြောင်းရင်းမှာ မိုးရာသီကြောင့် ဖြစ်နိုင်သလို မဲစရီးယန်းနှင့် မျက်နှာချင်းဆိုင်၊ ပဲခူးအရှေ့ခြမ်းနှင့် ကရင်ပြည်နယ်မြောက်ဖက်ခြမ်းမှ ဒုက္ခသည် အသစ်ဖြစ်လာမည့်သူများသည် သံလွင်မြစ် မြန်မာပြည်ဖက်ခြမ်း အီထူးထရှိ IDP စခန်းတွင် နေထိုင်နေသည်။ ယခုနှစ်အကုန်ပိုင်းတွင် လူဦးရေ ၂၅၀၀ ခန့် ရှိသည်။

**ရိက္ခာထောက်ပံ့ပေးမှု ကိန်းဂဏန်းများ။** ။ ၂၀၀၄ ခုနှစ်မှစ၍ TBBC သည် စခန်းကော်မတီများနှင့် ညှိနှိုင်းကာ စခန်းအတွင်းတွင် လက်ရှိနေထိုင်ခြင်းမရှိသော ဒုက္ခသည်များကို ချန်လှပ်၍ ပေါ်ထွက်လာသော ရိက္ခာထောက်ပံ့ပေးရေး လူဦးရေစာရင်းကို အခြေခံပြီး ရိက္ခာထောက်ပံ့ပေးနေဆဲ ဖြစ်သည်။ “မှတ်ပုံတင်”ထားသော စခန်းလူဦးရေ ၁၅၃၈၈၂ (၉၈ ရာခိုင်နှုန်း) နှင့် နှိုင်းယှဉ်လျှင် ဒီဇင်ဘာလအဆုံးတွင် ထိုင်းနိုင်ငံအတွင်းရှိ စခန်း ၁၀ ခုအတွက် ရိက္ခာပေး လူဦးရေမှာ ၁၅၁၂၅၆ ဦးရေ ဖြစ်ခဲ့သည်။ ယခုကာလအတွင်း ရိက္ခာစားဦးရေမှာ ၁၄၉၀၁၇ ဖြစ်ပြီး၊ စုစုပေါင်း ရိက္ခာစားလူဦးရေ ၁၅၀၈၄၉ (၉၉ ရာခိုင်နှုန်း) နှင့် နှိုင်းယှဉ်လျှင် ၂၂၃၉ ဦးရေ (၂ ရာခိုင်နှုန်း) တိုးတက်ခဲ့သည်။

**ခိုလှုံခွင့်ခွင့်ပြုမှုများ။။** ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးသည် နယ်စပ်အခြေစိုက်စခန်းများရှိ လူဦးရေအားလုံးအား ပြန်လည် မှတ်ပုံတင်ခြင်း လုပ်ငန်းကို အဆုံးသတ်ခဲ့သည်။ ယင်းလုပ်ငန်းမှ ၁၉၉၉ ခုနှစ် မူလ မှတ်ပုံတင်ထားသော လူဦးရေ ၁၀၁၉၉၂ အပြင် နောက်တိုး ၃၅၈၆၇ ဦးအပါအဝင် စုစုပေါင်း ၁၃၇၈၅၉ ဦးကို အသိအမှတ်ပြုခဲ့သည်။ MOI တွင် ၁၉၉၉ ခုနှစ် နှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်း ရောက်ရှိလာသူ ဒုက္ခသည်ဦးရေ ၁၈၅၅၂၉ နှင့် ပတ်သက်၍ မှတ်တမ်းတင်ထားပြီး၊ ထိုသူများကို PAB ၏ ကနဦးပိုင်းလုပ်ငန်းများတွင် ထည့်သွင်းရန် နှင့် မှတ်ပုံတင်ပေးရန်အတွက် စဉ်းစားပေးမည်ဟု သဘောတူခဲ့သည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လမှစ၍ မွေးဖွားသော ခလေးငယ်များအပါအဝင် စုစုပေါင်း လူဦးရေမှာ ၁၈၅၉၂ ယောက် ဖြစ်သည်။ ထိုသူများအပြင် တက်ခ်ခရိုင်နှင့်

မယ်ဟောင်ဆောင်ခရိုင်အတွင်း စခန်းများတွင်ရှိနေသော နောက်ထပ် ၁၆၂၇၅ ဦးကိုလည်း ပြန်လည်မှတ်ပုံတင်ရန် မှတ်တမ်းတင်ထားသည်။ တက်ခ်ခရိုင်နှင့်မယ်ဟောင်ဆောင်ဒေသအတွင်းရှိ ၁၈၅၉၂ ဦးအား အုပ်စုလိုက်အခြေခံ၍ စဉ်းစားပေးရန်အတွက် အသစ်ဖွဲ့စည်းထားသော PAB ထံသို့ တင်သွင်းရန် သဘောတူခဲ့ပြီး၊ ကျန်သူများအား PAB မှ ဒုတိယအဆင့်အဖြစ် သီးသန့် စဉ်းစားမည်ဖြစ်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာအကုန်တွင် PAB များက ၁၉၉၅ ခုနှစ် မှတ်ပုံတင်ခြင်းနောက်ပိုင်း ဝင်ရောက်လာသူ စုစုပေါင်း ၃၁၁၈၅ ဦးအား လက်ခံအတည်ပြုခဲ့ပြီး ဖြစ်သည်။ ထိုအထဲတွင် ကန်ချနဘူရီခရိုင်မှ ၄၁၆ ဦး၊ ရပ်ချ်ဘူရီခရိုင်မှ ၁၀၉၇ ဦး၊ တက်ခ်ခရိုင်မှ ၂၇၅၈၈ ဦး နှင့် မယ်ဟောင်ဆောင်ခရိုင်မှ ၂၀၈၄ ဦးတို့ ပါဝင်သည်။ မယ်ဟောင်ဆောင်ခရိုင်အတွင်းရှိ ခန့်မှန်းခြေ လူ ၆၀၀၀ အား ထည့်သွင်းစဉ်းစားပေးရန် ချန်လှပ်ထားခဲ့သည်။

၂၀၀၅ ခုနှစ်အကုန်တွင် MOI က မှတ်ပုံမတင်ရသေးသော အပိုလျှောက်လွှာများ၊ ဆက်လက်ရောက်ရှိနေဆဲ လူသစ်များ၊ MOI မှ လုံခြုံရေးအရစိုးရိမ်မကင်းဖြစ်ရသူများ (POC) အဆင့်အား တစ်ဦးချင်းခိုလှုံခွင့် လျှောက်ထားသူများအတွက် ရပ်တန့်ခဲ့သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ နှင့် PAB ဖွဲ့စည်းချိန် ၂၀၀၅ ခုနှစ်နောက်ပိုင်းအတွင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သို့ လျှောက်ထားသူများ အတွက် ဆက်လက်ဆောင်ရွက်ပေးရန်၊ စခန်းများအတွင်း နေရာချထားရေးအစီအမံများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ယခုအချိန်တွင် နောက်ပိုင်းလျှောက်ထားသူများအား "စက္ကူပိုင်းကိုင်ဆောင်သူများ" အဖြစ် ယေဘုယျအားဖြင့် သတ်မှတ်သည်။ ၂၀၀၆ ခုနှစ် ပထမ နှစ်ဝက်တွင် TBBC သည် လူ ၄၀၀၀ ဆန့်သော နေရာများကို စခန်း ၆ ခုအတွင်း တည်ဆောက်ရန်အတွက် လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သည် စက္ကူပိုင်းကိုင်ဆောင်သူ ၁၀၀၀၀ မက မှတ်တမ်းတင်ထားသည်။ သို့သော် ထိုအထဲမှ အများစု မည်သည့်နေရာတွင် နေထိုင်သည်ကိုမူ မသိရပေ။ သို့သော် လူပေါင်း ၂၅၀၀ သည် မဲဆောက်ဒေသအတွင်း နေထိုင်နေသည်ဟု သတ်မှတ်နိုင်ပြီး၊ ထိုသူများကို စက်တင်ဘာလ ၁၆ ရက်မှ ၃၀ ရက်အတွင်း အုန်းဖန် နှင့် နို့ဖိုး စခန်းအတွင်းသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ထိုသူများကို PAB မှ စစ်ဆေးပြီးဖြစ်ပြီး အားလုံးနီးပါးမှာ ဒုက္ခသည်အဖြစ် တရားဝင် အသိအမှတ်ပြုပြီး ဖြစ်သည်။ တခြားသော စက္ကူပိုင်းကိုင်ဆောင်သူ ၁၀၀၀ အား ၂၀၀၇ ခုနှစ် ပထမခြောက်လအတွင်း ဆက်လက်ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ရသည်။

**လုံခြုံရေးအရ စိုးရိမ်မကင်းဖြစ်ရသူများ။** ။ ၂၀၀၃ ခုနှစ် အကုန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အဆင့်အတန်း သတ်မှတ်ပေးခြင်း လုပ်ငန်းစဉ်အား ဖျက်သိမ်းပြီးနောက်ပိုင်း ၂၀၀၄ ခုနှစ် မတ်လတွင် စခန်းများအတွင်းသို့ လွှဲပြောင်းပေးခဲ့သော POC ၁၅၀၀ မှ အများစုသည် ယခုအချိန်တွင် တတိယနိုင်ငံများသို့ ပြန်လည်အခြေချရန်အတွက် ထွက်ခွာသွားပြီး ဖြစ်သည်။ ကျန်ရှိနေသေးသော စုစုပေါင်း ၃၄၉ ဦးနှင့် အများစုမှာ နိုင်ငံတစ်ခု သို့မဟုတ် ထို့ထက်ပိုသော နိုင်ငံများ၏ ငြင်းပယ်ခြင်းကို ခံထားရသူများ ဖြစ်သည်။ ထိုသူများအတွက် ပြန်လည်အခြေချရေး အခွင့်အလမ်းမှာ လွန်စွာ နည်းပါးလှသည်။

**တတိယနိုင်ငံများသို့ ပြန်လည်အခြေချမှု။** ။ ၂၀၀၅ ခုနှစ်အတွင်းတွင် တော်ဝင်ထိုင်းအစိုးရက နယ်စပ်တလျှောက်စခန်းများရှိ မှတ်ပုံတင်ထားသော ဒုက္ခသည်များ ပြန်လည်အခြေချနိုင်ရန် ကမ်းလှမ်းချက်များကို တတိယနိုင်ငံများသို့ ခွင့်ပြုခဲ့သည်။ ထမ်ဟင်းစခန်းက လူအားလုံးအပါအဝင် အမေရိကန်ပြည်ထောင်စုက ၂၀၀၆ ခုနှစ်အတွင်း ဒုက္ခသည် ၉၀၀၀ ကို ခေါ်ယူမည်ဟု တရားဝင် ကြေငြာခဲ့သည်။ အခြားသော ရှစ်နိုင်ငံကလည်း ၂၀၀၆ ခုနှစ်အတွင်း ဒုက္ခသည် သုံးထောင် မှ လေးထောင်အထိ ခေါ်ယူလိုကြောင်း ၎င်းတို့၏ ဆန္ဒသဘောထားကို ထုတ်ဖေါ်ပြောဆိုခဲ့ကြသည်။ ထိုအထဲတွင် ဩစတြေးလျ၊ ကနေဒါ၊ ဖင်လန်၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ဆွီဒင် နှင့် အင်္ဂလန်တို့ ပါဝင်ခဲ့သည်။ ၂၀၀၅ ခုနှစ် နှစ်ဝက်ခန့်အတွင်း ပြန်လည်အခြေချရေးမစ်ရှင်အဖွဲ့များကို နယ်စပ်များဆီသို့ စတင်စေလွှတ်ခဲ့သည်။

ယခုလတ်တင်းတွင် ပြန်လည်အခြေချနိုင်ခွင့်သည် ၂၀၀၄ – ၂၀၀၅ ခုနှစ်အတွင်း ပြန်လည်မှတ်ပုံတင်ရာ၌ တရားဝင်မှတ်ပုံတင်ခဲ့သော ဒုက္ခသည်အားလုံးအတွက် အကျုံးဝင်သည်။ ထို့အတူ PAB များမှ နောက်ဆက်တွဲ

အတည်ပြုသူများအတွက်လည်း အကျုံးဝင်သည်။ ပုံမှန်လုပ်ထုံးလုပ်နည်းတွင် ဒုက္ခသည်များသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သို့ ၎င်းတို့၏ စိတ်ဝင်စားမှုကို လာရောက်ဖော်ပြနိုင်ပြီး၊ ထို့နောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က သက်ဆိုင်ရာစိတ်ဝင်စားသည့် နိုင်ငံခြားသံရုံးများဆီသို့ ထိုကေ့စ်များကို လွှဲပြောင်းပေးသည်။ ဩစတြေးလျ၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၎င်းတို့ထံ တိုက်ရိုက်တင်ပြသော လျှောက်လွှာများကိုသာ ထည့်သွင်းစဉ်းစားသော အခြားသီးသန့် လုပ်ငန်းများလည်း ရှိသည်။

၂၀၀၆ ခုနှစ် ပထမခြောက်လပိုင်းအတွင်း ထွက်ခွာသွားသော ဒုက္ခသည် အရေအတွက်သည် မျှော်လင့်ထားသည်ထက် လွန်စွာ နိမ့်ကျခဲ့သည်။ အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စု၏ ဥပဒေကြောင့် ဖြစ်သည်။ ယင်းဥပဒေက လက်နက်ကိုင်အုပ်စုတခုကို ရုပ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခဲ့ဖူးသူ မည်သူတဦးကိုမျှ တိုင်းပြည်သို့ ဝင်ခွင့်မပေးပေ။ ယင်းအချက်က ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ထောက်ပံ့ခဲ့သော မည်သူမဆိုအား သက်ရောက်စေပြီး၊ ထမ်ဟင်းစခန်းမှ ပြန်လည်အခြေချနိုင်ရေး လျှောက်ထားမှုအားလုံးကို ရပ်ဆိုင်းထားလိုက်သည်။ နောက်ဆုံးတွင် ယင်းကန့်သတ်မှုကို ရုပ်သိမ်းခဲ့သည်။ အထူးသဖြင့် ထမ်ဟင်းစခန်းအတွက်ဖြစ်ပြီး၊ လုပ်ငန်းစဉ်များ ပြန်လည် စတင်ခဲ့သည်။ စက်တင်ဘာလတွင် ပထမဒုက္ခသည်များ စတင်ထွက်ခွာခဲ့ကြပြီး၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ထမ်ဟင်းဒုက္ခသည်စခန်းမှ ဒုက္ခသည် ၂၂၁၇ ဦးသည် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး၊ စုစုပေါင်း ၄၇၈၉ ဦးသည် နယ်စပ်တရိုးစခန်းများမှ နိုင်ငံအားလုံးနီးပါးသို့ ထွက်ခွာသွားခဲ့ပြီး ဖြစ်သည်။

ထမ်ဟင်းစခန်းတစ်ခုတည်းအတွက်သာ သက်ရောက်မှုရှိသော ကန့်သတ်ချက် ပယ်ဖျက်မှုသည် စခန်းအားလုံးအထိ ချဲ့ထွင်လိုက်သည်။ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ မယ်လစခန်းအတွင်း နေထိုင်သူများအတွက် ပြန်လည်အခြေချရေး ကမ်းလှမ်းလိမ့်မည် ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွက် ပြန်လည်အခြေချခွင့် ကမ်းလှမ်းထားသော တိုင်းပြည်များ၏ သတ်မှတ်ချက်အရေအတွက်သည် ၂၀၀၆ ခုနှစ်ထက် သိသိသာသာ ပိုမိုများပြားသည်။ အမေရိကန်ပြည်ထောင်စုအတွက် ၁၅၀၀၀ ဦးရေ အပါအဝင် စုစုပေါင်း အနည်းဆုံး ၂၀၀၀၀ ရှိလိမ့်မည်။

ထိုမျှကြီးမားလှသော လုပ်ငန်းကြီးအား လက်တွေ့အကောင်အထည်ဖော်ရန် ဗျူရိုကရက်တစ်လုပ်ဟန်များနှင့် ငွေကြေးဆိုင်ရာ တခြားသော စိန်ခေါ်မှု အများအပြားကို ကျော်ဖြတ်ရမည် ဖြစ်သည်။ လျှာထားချက်ဒုက္ခသည် ဦးရေသည် အလွန်များပြီး လက်တွေ့အကောင်အထည်ဖော်ရာတွင် ခက်ခဲလိမ့်မည်ဖြစ်သည်။ သို့သော် ၂၀၀၇ ဇန်နဝါရီလအကုန်ပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က ၎င်းသည် မယ်လစခန်းမှ ဒုက္ခသည် ၁၆၉၀၉ ဦးကို ကိုယ်စားပြုသော မိသားစု ၄၀၂၆ စု၏ လျှောက်လွှာများကို လက်ခံထားပြီးဖြစ်ကြောင်း သတင်းပေးပို့ခဲ့သည်။ ထိုဒုက္ခသည်များကို ဒီဇင်ဘာအကုန်ပိုင်း နှင့် ဇန်နဝါရီအစောပိုင်းတွင် အမေရိကန်အစိုးရထံသို့ လွှဲပြောင်းပေးခဲ့သည်။ ၂၀၀၅ ခုနှစ် နှစ်လည်ပိုင်းတွင် ထိုင်းအစိုးရက စခန်းများမှ ပြန်လည်အခြေချလိုသူအမြောက်အမြားကို ခွင့်ပြုရန် သဘောတူခဲ့သည်။ ၂၀၀၆ ခုနှစ် အကုန်ပိုင်းအထိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သည် နယ်စပ်တရိုးမှ ခန့်မှန်းခြေ လူပေါင်း ၄၅၀၀၀ ပြန်လည်အခြေချရန်အတွက် တောင်းခံချက်များကို လက်ခံရရှိခဲ့သည်။

၂၀၀၇ ခုနှစ်သည် ပြန်လည်အခြေချမှုအတွက် အဓိကကျသော နှစ်တစ်ခု ဖြစ်နိုင်သည်။ တတိယနိုင်ငံများတွင် ပြန်လည်အခြေချပြီး ဖြစ်သော သူများ၏ အတွေ့အကြုံ အချက်အလက်များသည် မလျှောက်ထားသူများအတွက် ရွေးချယ်မှုပြုရာတွင် လွှမ်းမိုးနိုင်သည်။ ၂၀၀၇ ဇန်နဝါရီလ အကုန်ပိုင်းတွင် မူလ ထမ်ဟင်း လူဦးရေ ၉၆၈၀ ဦးမှ အကြမ်းဖျင်းအားဖြင့် လူဦးရေ ၆၆၀၀သည် အမေရိကန်ပြည်ထောင်စုတွင် ပြန်လည်အခြေချရန်အတွက် လျှောက်ထားပြီးသား ဖြစ်သည်။ ယင်းလူဦးရေသည် လူဦးရေ ၆၈ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ပြန်လည်အခြေချလိုကြောင်း စိတ်ဝင်စားမှုကို ဖော်ပြထားပြီး၊ လက်ရှိလုပ်ငန်းစဉ်ထဲတွင် ပါဝင်နေသူများထဲမှ ခန့်မှန်းခြေ ၄၅ ရာခိုင်နှုန်းအား လက်ခံထားပြီး ဖြစ်သည်။ ၂၀၀၇ ခုနှစ်သည် ပြန်လည်အခြေချမှုအပေါ် မည်မျှစိတ်ဝင်စားမှုရှိမရှိကို ရှင်းလင်းစွာ ဖော်ပြသွားမည့် နှစ်ဖြစ်ပြီး၊ လုပ်ငန်းစဉ် တစ်ခုလုံး အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေရေး နှင့် တခြားခရီးသွားလာရေး အခက်အခဲများကိုလည်း သေချာရှင်းလင်းစွာ ဖော်ပြမည့် နှစ်လည်း ဖြစ်သည်။

နိုဝင်ဘာလတွင် ထိုင်းနိုင်ငံအတွင်း အိုးအိမ်မဲ့သူများအတွက် စုပေါင်းဆောင်ရွက်ပေးရေးကော်မတီ (CCSDPT) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ပူးပေါင်း၍ ဇန်နဝါရီလတွင် ပြန်လည်အခြေချခြင်း အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆက်တွဲ ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပြီးနောက် တနှစ်အကြာတွင် အစီရင်ခံစာတင်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ IOM အပါအဝင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ဝန်ထမ်းများ၊ ပြန်လည်အခြေချ ခွင့်ပေးသော တိုင်းပြည်များမှ ကိုယ်စားလှယ်များ၊ အမေရိကန် ပြန်လည်အခြေချလုပ်ငန်းအေဂျင်စီများ နှင့် လူထုအခြေပြု အဖွဲ့အစည်းတစ်ခုတို့ ပါဝင်ခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ လုပ်ငန်းပါဝင်ဆောင်ရွက်သူ တစ်ဦးချင်းစီ၏ အမြင်များမှ ယခုအချိန်အထိ လုပ်ဆောင်နေသော ပြန်လည်အခြေချရေး လုပ်ငန်း အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး၊ ရှေ့လုပ်ငန်းစီမံချက်များနှင့် ဖြေရှင်းချက်များကို စဉ်းစားခဲ့ သည်။

ပြန်လည်အခြေချမှုအား ရေရှည်တည်တန့်သော အဖြေတစ်ခုအဖြစ် အသိအမှတ်ပြုပြီး ဆက်လက် ထောက်ပံ့သွားရန်၊ ဒုက္ခသည်များ သေချာစွာ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ကောလဟာလများကို ချေဖျက်နိုင်သော သတင်းပေးပို့မှုကို မြှင့်တင်ရန် နှင့် ကျွမ်းကျင်လုပ်သား နှင့် ခေါင်းဆောင်များ ထွက်ခွာသွားမှုသည် စခန်းတွင်း စီမံခန့်ခွဲမှု၊ လူထုအကျိုးသယ်ပိုးမှုလုပ်ငန်းများ နှင့် အန်ဂျီအိုအထောက်အပံ့ လုပ်ငန်းစီမံချက်များအား ကြီးမားစွာ သက်ရောက်မှု ရှိသည်ဟူသော သုံးသပ်ချက်များကို အဓိက သုံးသပ်ချက်များအဖြစ် ပါဝင်ဆွေးနွေးသူအားလုံးက မှတ်ယူခဲ့ကြသည်။ ၂၀၀၇ ခုနှစ် အကုန်ပိုင်းတွင် လက်ရှိအလုပ်လုပ်နေသော အန်ဂျီအိုဒုက္ခသည်ဝန်ထမ်း ၄၀ ရာခိုင်နှုန်းထက်မနည်း ထွက်ခွာသွားနိုင်သည်ဟု မရေမရာ ကောက်ချက်ချမှုများ ရှိခဲ့သည်။ အန်ဂျီအိုအများစုသည် ယင်းစိန်ခေါ်မှုကို တုန့်ပြန်နေကြသော်လည်း၊ ကျွမ်းကျင်ဝန်ထမ်းများနှင့်ခေါင်းဆောင်များနေရာတွင် အစားထိုးရန် အရေးပေါ် စီမံကိန်းများ ပြင်ဆင် ဆောင်ရွက်ရန်အတွက် စုပေါင်းကြိုးပမ်းမှုများ ပြုလုပ်ရန်လိုအပ်သည်ဟု သဘောတူခဲ့သည်။ လူသစ်များ စုဆောင်းရန်၊ သင်တန်းများပေးရန် စသည့်လုပ်ငန်းများ ပါဝင်သင့်ပြီး၊ စာသင်ကျောင်းများကို အချိန်ပိုင်းအလိုက် ဖွင့်ခြင်း နှင့် တခြားပြင်ပ အရင်းအမြစ်များကို အသုံးပြုခြင်း စသည့် ချဉ်းကပ်မှုများလည်း ပါဝင်သင့်သည်။

CCSDPT သည် နောက်နှစ်နှစ်တွင် စခန်းတွင်းလူဦးရေ၏ ပိုမိုတိကျသော ခန့်မှန်းခြေရရှိရန်အတွက် အကြံပေးတစ်ဦးခန့်အပ်ရန် လောလောဆယ်တွင် လူသစ်ရှာဖွေနေသည်။ ၎င်းအကြံပေးအရာရှိက CBO နှင့် NGO လုပ်ငန်းများတွင် ပြန်လည်အခြေချမှု၏ သက်ရောက်မှုကို စုံစမ်းရန်၊ လက်ရှိအကောင်းဆုံးသော လုပ်ဆောင်ချက်များအပါအဝင် တုန့်ပြန်ဖြေရှင်းသော မဟာဗျူဟာများကို ပြန်လည်သုံးသပ်ရန် နှင့် အကြံပြုချက်များ ပြုလုပ်ပေးရန် ဖြစ်သည်။ တိုးတက်မှုများကို စောင့်ကြည့်ကြပ်မတ်ရန်နှင့် အကြံပြုချက်များကို တုန့်ပြန်ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက်ဖြစ်လိမ့်မည်ဟု စီမံထားသည်။

## ခ) အခြေမဲ့ မွန် နှင့် ရှမ်းတိုင်းရင်းသားများ

ရှမ်းဒုက္ခသည်များ။ ။ ၂၀၀၆ ခုနှစ် ဒုတိယ နှစ်ဝက်အတွင်း ထိုင်းနိုင်ငံ ဖန်ခရိုင်အတွင်းသို့ ရောက်ရှိလာသူ ရှမ်းဒုက္ခသည်ဦးရေသည် တစ်လလျှင် ၃၀၀ ခန့် ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ မနှစ်ကထက် ပို၍ နည်းသည်ဟု မှတ်တမ်းများက ဆိုသည်။ ဦးရေလျော့ကျသွားခြင်း၏ အကြောင်းအရင်းတစ်ခုမှာ ရှမ်းပြည်နယ်အတွင်း ခရီးသွားခွင့်ကန့်သတ်ချက်များ တိုးများလာခြင်းဖြစ်ပြီး၊ စစ်ဆေးရေးဂိတ်များတွင် အခွန်အကောက်နှုန်းများ မြင့်တက်လာခြင်းကလည်း ထိုင်းနိုင်ငံအတွင်းသို့ လာရောက်ရန် စရိတ်စက ပိုများစေသည်။

တခြား ရှမ်းဒုက္ခသည်များသည် အခြားဒေသများရှိ နယ်စပ်များကို ဖြတ်ကျော်ကောင်း ဖြတ်ကျော်ကြပြီး ဖြစ်လိမ့်မည် ဖြစ်သည်။ ၁၉၉၆ ခုနှစ် မှ စတင်ခဲ့သော အတင်းအဓမ္မကျေးရွာပြောင်းရွှေ့မှုများကြောင့် ထိုင်းနိုင်ငံအတွင်းသို့ ရှမ်းဒုက္ခသည် ၂၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့သည်ဟု ယုံကြည်ရသည်။ ၎င်းတို့အထဲမှ အများစုမှာ ထိုင်းနိုင်ငံမြောက်ပိုင်းတနယ်လုံးတွင်ရှိသော စိုက်ပျိုးရေးခြံများ၊ သစ်သီးခြံများ နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသက်မွေးဝမ်းကြောင်း ပြုနေကြသည်။ ထိုအထဲမှ အများစုမှာ ၁၉၉၆ ခုနှစ်မှစ၍ အတင်းအကြပ်ပြောင်းရွှေ့ခြင်း ခံထားရသောကြောင့် ထိုင်းနယ်စပ်သို့ ထွက်ပြေးလာသူများ

ဖြစ်နိုင်သည်ဟု ရှမ်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ ၂၀၀၆ စက်တင်ဘာလတွင် ထုတ်ပြန်သော ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း သံလွင်ရေကာတာတည်ဆောက်ရန် စီမံနေသော ပတ်ဝန်းကျင်အခြေအနေ အစီရင်ခံစာတွင် ပြဆိုထားသည်။ ထိုင်းနယ်စပ်မြောက်ပိုင်းတလျှောက်တွင် တရားမဝင်ဖွင့်လှစ်ထားသော ရှမ်းဒုက္ခသည်စခန်းလေးခုတွင် ရှမ်းဒုက္ခသည် ၅၀၀၀ ကျော် လက်ရှိ နေနေကြသည်။ ထိုစခန်းများသည် ရှမ်းပြည်တပ်မတော် (SSA) စခန်းများနှင့် နီးစပ်သော နေရာများတွင် တည်ရှိကြသည်။ ၂၀၀၆ /၇ ခြောက်သွေ့ရာသီတွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA – S) စခန်းများကို မြန်မာစစ်တပ်မှ တိုက်ခိုက်ခြင်း မရှိသေးသော်လည်း၊ ၎င်းဒေသများအတွင်း ဒုက္ခသည်များ ခိုလှုံနေထိုင်ရသော အခြေအနေသည် လွန်စွာစိုးရိမ်ဖွယ် ဖြစ်သည်။

လွန်ခဲ့သော ၆ လအတွင်း ရှမ်းပြည်နယ်၏ အခြေအနေကို 2e တွင် ဖေါ်ပြထားသည်။ ၂၀၀၆ ခုနှစ်တွင် ရောက်ရှိလာသော ဒုက္ခသည် အများစုမှာ အလယ်ပိုင်းပြည်နယ်မှ ထွက်ပြေးလာသူများ ဖြစ်ပြီး၊ ကျေးရွာများ ပြောင်းရွှေ့ခံရခြင်း၊ အတင်းအဓမ္မ လုပ်အားပေးရခြင်း၊ မတရားငွေညှစ်ခံရခြင်း နှင့် နှိပ်စက်ခြင်း၊ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) ကို ထောက်ပံ့နေသူဟု သင်္ကာမကင်းသူ ရွာသူကြီးများအား သတ်ဖြတ်ခြင်း စသော နအဖ၏ လူ့အခွင့်အရေးအရ ချိုးဖောက်မှုများကြောင့် ယခုကဲ့သို့ ထွက်ပြေးလာရခြင်း ဖြစ်သည်။ ပလောင်ကျေးရွာများတွင် နအဖတပ်ဖွဲ့များ၏ ဇိမ်မယ်အဖြစ် မလာမနေရ အမိန့်ပေးမှုအပါအဝင် လိင်ဆိုင်ရာအကြမ်းဖက်မှုများ ဆက်လက်ဖြစ်နေသည်ဟု အမျိုးသမီးအဖွဲ့များက ထောက်ပြထားသည်။ နအဖ၏ ကြက်ဆူပင်စီမံကိန်းကြောင့် အတင်းအဓမ္မ လုပ်အားပေးခံရမှုသည် နေရာအနှံ့အပြား တည်ရှိနေသော အခက်အခဲ ဖြစ်နေသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ၂၀၀၆ ခုနှစ် အကုန်ပိုင်း၌ လားဟူရွာသားများသည် နအဖအလိုကျ ပြည်သူ့စစ်အဖွဲ့အတွင်း မဝင်မနေရအမိန့်ကို ဆန့်ကျင်၍ ထိုင်းနိုင်ငံအတွင်းသို့ အုပ်စုလိုက် ထွက်ပြေးလာကြသည်။

ပုံမှန်အားဖြင့် ရှမ်းဒုက္ခသည်များအား ထိုင်းအာဏာပိုင်များက အသိအမှတ်မပြုပေ။ သို့သော် TBBC သည် ချင်းမိုင်ခရိုင် ဝီဖန်ဒေသအတွင်းရှိ စခန်းငယ်တခုမှ ဒုက္ခသည် ၆၀၀ ခန့်ကို အစားအသောက် အိုးအိမ် ထောက်ပံ့ပေးနေဆဲ ဖြစ်သည်။ ၎င်းတို့အထဲမှ ထွက်ပြေးလာသူအများစုမှာ ၂၀၀၂ ခုနှစ် မေလအတွင်း တိုက်ခိုက်မှုများမှ ထွက်ပြေးလာသူများ ဖြစ်သည်။

**မွန်ပြန်လည်အခြေချ စခန်းများ။** ။ မွန်ပြည်သစ်ပါတီ (NMSP) က နအဖနှင့် အမြဲတမ်းအပစ်အခတ် ရပ်စဲရေးဖုံ ၁၂ ခုကို အသိအမှတ်ပြုရေး သဘောတူညီချက် ရရှိပြီးသည့်နောက် ၁၉၉၆ ခုနှစ်မှစ၍ မွန်ဒုက္ခသည် များသည် ပြန်လည်အခြေချစခန်း ၄ ခု သို့ ပြောင်းရွှေ့ခဲ့သည်။ မဝေးလှသောကာလတွင် အပစ်အခတ် ရပ်စဲရေးသည် မွန်လူမျိုးများအတွက် နိုင်ငံရေးအဖြေတစ်ခုအဖြစ် ဦးတည်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ၁၀ နှစ်မက ကြာသောအခါတွင် မွန်ပြည်သစ်ပါတီသည် ဂုဏ်သိက္ခာမဲ့သော နအဖ၏ အမျိုးသားညီလာခံတွင် စိတ်ပျက်လက်ပျက် လေ့လာသူအဖြစ်နှင့်သာ ရှိတော့သည်။ လူထုအိုးအိမ်မဲ့ဘဝကို ဆက်လက်ဖြစ်စေသော မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် မွန်ပြည်နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာက ယင်းဒေသများအတွင်း လူသားချင်းစာနာသော အထောက်အကူများအတွက် ဥပေက္ခာပြုနေဆဲ ဖြစ်သည်။ ထို့ကြောင့် TBBC သည် မွန်ထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (MRDC) နှင့် ပူးပေါင်း၍ ဆန်အထောက်အပံ့နှင့် ယင်းအခြေချစခန်းများအတွက် ဖွံ့ဖြိုးရေး အထောက်အပံ့များကို ဆက်လက် ထောက်ပံ့နေဆဲ ဖြစ်သည်။ ဒီဇင်ဘာလအကုန်တွင် ယင်းနေရာများ၌ လူဦးရေ ၁၂၀၁၉ ဦးရှိသည်ဟု MRDC က အစီရင်ခံခဲ့သည်။

လွန်ခဲ့သော ၆ လအတွင်း မွန်ပြည်နယ်၏ အခြေအနေကို 2e တွင် ဖေါ်ပြထားပြီး၊ ၎င်းပြန်လည်အခြေချစခန်းသို့ ထောက်ပံ့ပေးနေသော TBBC ၏ အထောက်အပံ့များကို 3.1h တွင် ဖေါ်ပြထားသည်။

**ဂ) စခန်းအခြေအနေများ**

ထမ်ဟင်း။ ။ အဆိုးဝါးဆုံးခံစားရသော ရပ်ကွက်များမှ အိမ်ပေါင်း ၇၁ လုံးကို ဇုံ နံပါတ် ၄ သို့ ပြောင်းရွှေ့ပေးလိုက်ခြင်းဖြင့် ထမ်ဟင်းစခန်းမှ လူဦးရေထူထပ်ခြင်းကို အနည်းဆုံး ဖြေရှင်းပေးနိုင်ခဲ့သည်။ သို့သော် စခန်းအတွင်း နေထိုင်မှုအခြေအနေသည် နိုင်ငံတကာစံသတ်မှတ်ချက်နှင့်စာလျှင် နိမ့်ကျနေဆဲ ဖြစ်သည်။ ယခုအချိန်အထိ တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာသွားမှုများက ယင်းပြဿနာရပ် အပေါ်တွင် သိသိသာသာ ထိရောက်မှု မရှိသေးပေ။ အဘယ်ကြောင့်ဆိုသော် လူသစ်အများအပြား ထပ်မံရောက်ရှိလာပြီး၊ ယင်းနေရာများတွင် အစားထိုးရသောကြောင့် ဖြစ်သည်။

ထမ်ဟင်းနှင့် ဘန်ဒွန်ယန် စခန်းနှစ်ခုစလုံးအား ဘလာဟန္တတ်ရှိ နေရာအသစ်သို့ ပြောင်းရွှေ့မည်ဟူသော MOI ၏ အစီအစဉ်များသည် မည်သို့မျှ တိုးတက်ခြင်း မရှိသေးပေ။ ယင်းဆုံးဖြတ်ချက်သည် ထမ်ဟင်းစခန်းအတွင်း ပြန်လည်အခြေချရေးလုပ်ငန်းစဉ် ပြီးစီးသည်အထိ ရွှေ့ဆိုင်းထားခြင်းက ပိုမို၍ သဘာဝကျပေလိမ့်မည်။

မယ်လအွန်း။ ။ မယ်လအွန်းစခန်းအတွင်း ဖြစ်နိုင်ခြေရှိသော မြေပြိုကျမှုအပေါ် စိုးရိမ်မကင်းဖြစ်မှုများ ယခုနှစ် အတွင်း လျော့ကျလာခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ ထောက်ပံ့ပေးသော အာရှနည်းပညာကျောင်း (AIT) ၏ စစ်တမ်းကောက်ယူမှုကို ကျေးဇူးတင်ရှိရမည် ဖြစ်သည်။ ထို့အပြင် လမ်းများပြန်လည် ပြင်ဆင်ခြင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် COERR အဖွဲ့မှ ဆောင်ရွက်ခဲ့သော ရေပိုက်သွယ်ခြင်းနှင့် ရေသန့်စင်ခြင်း လုပ်ငန်းများကိုလည်း ကျေးဇူးတင်ရှိရမည် ဖြစ်သည်။ TBBC သည် အန္တရာယ်ကျရောက်နိုင်ဖွယ်အရှိဆုံး အိမ်ထောင်စု ၅၀၀ စုကို အနီးအနားရှိ ပွေးဘောလူ သို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ကဆောင်ရွက်ခဲ့သော ယင်းဆောင်ရွက်ချက်ကြောင့် အခြေအနေသည် လွန်စွာ တိုးတက်လာခဲ့သည်။ သို့သော် ပုံမှန်အားဖြင့် မယ်လအွန်း၏ မြေမျက်နှာပြင်အနေအထားသည် ဆိုးဝါးသော ရာသီဥတု အခြေအနေအောက်တွင် ပျက်စီးလွယ်သည်။ အမြဲတစေအနီးကပ် စောင့်ကြည့်ခြင်းနှင့် တိုးတက်ကောင်းမွန်မှုများ လိုအပ်လိမ့်မည် ဖြစ်သည်။ လက်ရှိနေရာတွင် စခန်းရှိနေသမျှ ကာလပတ်လုံး အရေးပေါ် အခြေအနေသည် အမြဲလိုပင် ရှိနေမည် ဖြစ်သည်။

၂၀၀၇ ခုနှစ် ခြောက်သွေ့ရာသီအတွင်း COERR သည် TBBC နှင့် UNHCR တို့၏ အထောက်အပံ့နှင့် မယ်လအွန်းနှင့် မယ်ရာမူ စခန်းသို့သွားသော လမ်းမများ၏ အဓိကနေရာများ ကောင်းမွန်စေရေး တာဝန်ယူ လုပ်ဆောင်သွားမည် ဖြစ်သည်။

## ဃ) ဆက်လုပ်နေသော ခြေလှမ်းများ

CCSDPT/ UNHCR လုပ်ငန်းစီမံချက် (မူကြမ်း) ၊ SPCP။ ။ ၂၀၀၅ ခုနှစ် ဧပြီလမှစ၍ UNHCR နှင့် CCSDPT သည် ကာလရှည်ဒုက္ခသည်အခြေအနေ ဖြစ်လာသည်နှင့်အမျှ ထိုင်းအာဏာပိုင်များအား ပိုမိုပြည့်စုံသော နည်းနာတစ်ခုနှင့် လုပ်ဆောင်ရန်အတွက် စည်းရုံး လုပ်ဆောင်နေဆဲ ဖြစ်သည်။ အလုပ်အကိုင်ဆိုင်ရာသင်တန်းများနှင့် အဆင့်မြင့် ပညာရေးအခွင့်အလမ်းများကို ခွင့်ပြုပေးရန်သာ မကပဲ၊ ဝင်ငွေရရှိစေသော လုပ်ငန်းစီမံချက်များနှင့် အလုပ်နေရာချထားရေးအထိပါ စဉ်းစားပေးရန် တောင်းဆိုခဲ့သည်။ ဒုက္ခသည်များအား အလုပ်အကိုင် ဖန်တီးပေးခြင်းသည် ထိုင်းစီးပွားရေးအတွက် ကောင်းကျိုးဖြစ်ထွန်းမှုရှိစေသည်သာမက ဒုက္ခသည်များအကြား ဂုဏ်သိက္ခာရှိမှုနှင့် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုများပါ တိုးတက်လာစေနိုင်သည်ဟုလည်း တိုက်တွန်းခဲ့သည်။

အလွတ်သဘော တုန့်ပြန်ချက်များကို အားပေးခဲ့သည်။ အလှူရှင်များအပါအဝင် သက်ဆိုင်သူအားလုံး ဆက်နွယ်နိုင်သော လုပ်ငန်းဘောင်တစ်ခု ရရှိရန်အတွက် ၂၀၀၅ ခုနှစ်အတွင်းတွင် CCSDPT၊ UNHCR သည် "၂၀၀၆ ခုနှစ်အတွင်း ထိုင်း-မြန်မာနယ်စပ်ရှိ အခြေမဲ့သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လုပ်ငန်းစီမံချက် မူကြမ်း" တစ်ခုကို ပြင်ဆင်ခဲ့သည်။ ယင်းမူကြမ်းက မူဝါဒဆိုင်ရာ

အပြောင်းအလဲများအတွက် စည်းရုံးဆောင်ရွက်နေဆဲဖြစ်သော နေရာများအပါအဝင် အကာအကွယ်ပေးခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများအကြား ကွာဟချက်များကို ဦးစားပေး ဖြေရှင်းထားခဲ့သည်။ အသိအမှတ်ပြုခဲ့ကြသည်။ အမျိုးသားလုံခြုံရေးအား ဦးစားပေးရန်နှင့် ဒုက္ခသည်များ၏လှုပ်ရှားမှုများကို ထိန်းချုပ်ရန် အာရုံစိုက်သင့်သည်ဟု ဆွေးနွေးကြသော်လည်း ဒုက္ခသည်များ ထိုင်းနိုင်ငံတွင် ခိုလှုံနေစဉ်ကာလပတ်လုံး အခွင့်အလမ်းများ ပိုမို၍ ဖွင့်ပေးရန်လိုအပ်သည်ဟူသောအချက်ကို တက်ရောက်သူအားလုံးက ယေဘုယျအားဖြင့် လက်ခံခဲ့ကြသည်။ ဒုက္ခသည်များကို အတတ်ပညာပိုင်းဆိုင်ရာ သင်တန်းများနှင့် ပညာရေးအား သင်ယူနိုင်ခွင့် ပိုမိုခွင့်ပြုခြင်းအပြင် ဝင်ငွေရရှိသောလုပ်ငန်းများနှင့် အလုပ်လုပ်နိုင်သော အခွင့်အလမ်းများ ပိုမိုခွင့်ပြုခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်ကို ယေဘုယျ လက်ခံခဲ့ကြသည်။

တုန့်ပြန်ချက်အားဖြင့် ၂၀၀၆ ခုနှစ်အတွက် MOI က NGO များအား ဝင်ငွေရရှိရေး ဖြစ်နိုင်ခြေရှိသော အတတ်ပညာသင်တန်းများ တိုးချဲ့ခွင့်ကို တရားဝင် ခွင့်ပြုခဲ့သည်။ ယခုနှစ်အတွင်း တော်ဝင်ထိုင်းအစိုးရက စခန်းအတွင်းရှိ ပညာရေးအခြေအနေများ တိုးတက်မှုရှိစေရန်နှင့် စခန်း ၃ ခုအတွင်း စမ်းသပ်လုပ်ဆောင်နေသော လုပ်ငန်းစီမံချက်များမှတဆင့် အလုပ်ဖန်တီးနိုင်ရေးလမ်းစများ ရှာဖွေပေးရန် ကတိကဝတ်များ ပြုခဲ့သည်။ စခန်းများပြင်ပ ဒုက္ခသည်များ အကန့်အသတ်ဖြင့် ထိစပ်နိုင်ခွင့်အတွက် လိုအပ်ချက်တစ်ခုအဖြစ် စခန်းအတွင်း မှတ်ပုံတင်ထားသော ဒုက္ခသည်များအားလုံးအတွက် အစောပိုင်းအချိန်တစ်ခုတွင် မှတ်ပုံတင်ကဒ်ပြားများ (ID) များ စတင်ထုတ်ပေးရန်အတွက် ခိုင်မာသော ကတိကဝတ်တစ်ခု ပေးခဲ့သည်။

သို့သော် ယခုနှစ်အကုန်ပိုင်းတွင် ယင်းအခွင့်အလမ်းအသစ်များကို လက်တွေ့လုပ်ငန်းများအဖြစ် ကူးပြောင်းသောအခါတွင် အခက်အခဲများ ရှိခဲ့ကြောင်း သက်သေပြခဲ့သည်။ ပညာရေးလုပ်ငန်းများ လုပ်ဆောင်နေသော NGO များမှ အတတ်ပညာသင်တန်းများ တိုးချဲ့ခြင်း နှင့် MOI မှ အတည်ပြုခွင့်ပြုထားသော ဝင်ငွေဖန်တီးပေးသည့် လုပ်ငန်းအငယ်စား တချို့ကို MOI မှ ခွင့်ပြုခဲ့သော်လည်း ထိုကဲ့သို့သော လုပ်ငန်းများသည် အချိန်ယူ လုပ်ဆောင်ရန်လိုအပ်ပြီး၊ နည်းပညာဆိုင်ရာအကြံပြုချက်များနှင့် အခြားသော အရင်းအမြစ်များ လိုပါကြောင်း ရှင်းလင်းစွာ သက်သေပြခဲ့သည်။ စခန်းပြင်ပ အလုပ်အကိုင် ဖန်တီးပေးခြင်းမစခင် စခန်းအတွင်း အလုပ်အကိုင်ဖန်တီးရေးကိုသာ အာရုံစိုက် အကောင်အထည်ဖော်သင့်ကြောင်း အားလုံးက သဘောတူ လက်ခံလိုသော သဏ္ဍာန်ပေါ်နေသည်။

ပြည့်စုံသောလုပ်ငန်းအစီအမံ (Comprehensive Plan)ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းအား ဦးစားပေးလုပ်ငန်း နှင့် အရင်းအမြစ်များသတ်မှတ်ရာတွင် အသုံးပြုနိုင်သော ကိရိယာတစ်ခုအဖြစ် မြင်တွေ့နိုင်သည်။ ၂၀၀၆ ခုနှစ်အတွက် ပြည့်စုံသောလုပ်ငန်းအစီအမံအား ၂၀၀၆ ခုနှစ်အတွင်း မွန်းမံခဲ့ပြီး၊ MOT နှင့် အမျိုးသားလုံခြုံရေးကောင်စီ (NSC) နှစ်ဖွဲ့စလုံးတက်ခဲ့သော သံရုံး ၂၀ ကျော်မှ ကိုယ်စားလှယ်များနှင့် အလှူရှင်များပါဝင်သော မေလ ၂၄ ရက်နေ့ ဘန်ကောက်တွင် ကျင်းပခဲ့သည့် အလှူရှင်အစည်းအဝေးတွင် ယင်း ပြည့်စုံသောလုပ်ငန်းအစီအမံအား တင်ပြခဲ့သည်။ သို့သော် ပြည့်စုံသောလုပ်ငန်းအစီအမံသည် ၎င်း၏ သဘာဝအတိုင်း လုပ်ငန်းစဉ်သဘောထက် မဟာဗျူဟာသဘော ပို၍ ဆန်သည်။ ပြည့်စုံသောလုပ်ငန်းအစီအမံ တွင် အလှူရှင် သို့မဟုတ် တော်ဝင်ထိုင်းအစိုးရထံမှ အတိအကျ တုန့်ပြန်ရမည့် အသေးစိတ်အချက်အလက် မပါဝင်ပေ။

၂၀၀၆ ခုနှစ် ဒုတိယ နှစ်ဝက်အတွင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) သည် ထိုင်းနိုင်ငံတွင် အကာအကွယ်ပေးခြင်းစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစီမံချက် (SPCP) ကို စတင် မိတ်ဆက်ပေးခဲ့သည်။ SPCP သည် အလှူရှင် အထောက်အပံ့အတွက် လုပ်ငန်းပရိုပိုဆယ်များရေးဆွဲရန် တခြားနိုင်ငံများတွင် အသုံးပြုနေဆဲဖြစ်သော "ကွာဟချက် ဆန်းစစ်မှု" တစ်ခုလည်း ဖြစ်သည်။ ဩဂုတ်လ CCSDPT ဒါရိုက်တာများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ဆွေးနွေးပွဲတစ်ခုတွင် ကွာဟချက်များနှင့် အခွင့်အလမ်းများကို ဖြေရှင်းရာ၌ ပိုမို၍အသေးစိတ်သော လုပ်ငန်း စီမံချက်များရေးဆွဲရန်နှင့် ပြည့်စုံသောလုပ်ငန်းအစီအမံအား ပြန်လည်ပြင်ဆင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော ကိရိယာတစ်ခုအဖြစ် SPCP ကို အသိအမှတ်ပြုခဲ့သည်။ ၎င်းလုပ်ငန်းစီမံချက်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အတွေ့အကြုံရှိသော အကြံပေးများ ထောက်ပံ့ပေးသည်နှင့်အတူ လုပ်ငန်းစဉ်ချဲ့ထွင်ရန်အတွက် ပြင်ပနည်းပညာအရင်းအမြစ်များ ယခုအချိန်တွင် လက်ဝယ်ရှိနေပြီဟု အဓိပ္ပါယ်သက်ရောက်စေခဲ့သည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) မှ ပညာရှင်နှစ်ဦးအပါအဝင် ၎င်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသော အကြံပေးသုံးဦးသည် တက်ခ်ခရိုင်နှင့် မယ်ဟောင်ဆောင်ခရိုင်တွင် ဝင်ငွေဖန်တီးခြင်း နှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍ အသေးစိတ် သုတေသနပြုနေသော သူများကို ဝန်းရံကူညီပေးသည်။

၂၀၀၇ ခုနှစ် အစောပိုင်း **CCSDPT** ဒါရိုက်တာများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး **(UNHCR)** ၏ ဒုတိယအကြိမ်မြောက်တွေ့ဆုံပွဲတွင် ပြည့်စုံသောလုပ်ငန်းအစီအမံ နှင့် **SPCP** လုပ်ငန်းစဉ်နှစ်ခုကို သေချာစွာ နှိုင်းယှဉ်လေ့လာခဲ့ပြီး **SPCP** ထံမှ အကြံပြုချက်များအား ထည့်သွင်း၍ ၂၀၀၇/၂၀၀၈ အတွက် ပြည့်စုံသောလုပ်ငန်းအစီအမံအား ပြန်လည်ပြင်ဆင်သင့်ကြောင်း သဘောတူခဲ့သည်။ မတ်လအကုန်တွင် ပြည့်စုံသောလုပ်ငန်းအစီအမံအား မူကြမ်းရေးဆွဲရန် ရည်ရွယ်ချက်မှာ ၂၀၀၇ ခုနှစ် မေလတွင် အလှူရှင်များသို့ ထပ်မံတင်ပြရန် ဖြစ်သည်။ တော်ဝင်ထိုင်းအစိုးရ၏ အတည်ပြုချက်နှင့် အလှူရှင်များ ထည့်သွင်း စဉ်းစားနိုင်ရန်အတွက် ကွာဟချက်များကို ဖြေရှင်းပေးသော လုပ်ငန်းစဉ်အသေးစိတ်ဖေါ်ပြချက်များ ပြည့်စုံသောလုပ်ငန်းအစီအမံတွင် ပါဝင်လိမ့်မည် ဖြစ်သည်။ ၎င်းအရေးကြီးသော အစပျိုးမှုများ ပိုမိုတက်ကြွစွာ တုန့်ပြန်နိုင်ရန်အတွက် ပိုမို၍ ပြည့်စုံသော လုပ်ငန်းစဉ်တစ်ခု ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ရသည်။

### င) အလားအလာများ/ ရှုမြင်ချက်

**ရွှေ့ပြောင်းအလုပ်သမားများ။** ။ ထိုင်းနိုင်ငံသည် နှစ်သန်း သို့မဟုတ် ယင်းထက်ပိုမို၍၊ ပိုကောင်းပိုနိုင်သော ရွှေ့ပြောင်းအလုပ်သမား သို့မဟုတ် ရွှေ့ပြောင်းအခြေချသူများကို လက်ခံထားသော တိုင်းပြည်ဖြစ်သည်။ ၈၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ လာသူများ ဖြစ်သည်။ လွန်ခဲ့သောကာလများတွင် ယင်းရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာမူဝါဒများသည် ရေရှည်မဟာဗျူဟာမပါဝင်သော ယာယီဖြေရှင်းမှုများသာ ဖြစ်ခဲ့သည်။ နှစ်အလိုက် အကန့်အသတ်ဖြင့် မှတ်ပုံတင်ရေးကိုသာ သဘောတူခဲ့သည်။ စုစုပေါင်းလူဦးရေ၏ အချိုးတစိတ်တပိုင်းမျှ အတွက်သာ ဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှစ၍ တိုင်းပြည်အဝှမ်းရှိ ရွှေ့ပြောင်းလာသူများ အားလုံးကို မှတ်ပုံတင်ခွင့် ပြုပေးခဲ့သဖြင့် အရေအတွက် ပိုမိုများပြားစွာ မှတ်ပုံတင်ခဲ့သည်။ (၂၀၀၄ ခုနှစ်တွင် မိသားစုများ အပါအဝင် ၁ ဒသမ ၂၅ သန်း မှတ်ပုံတင်ခဲ့သည်။) သို့သော် ခန့်မှန်း၍မရနိုင်သော အလုပ်သမားထုသည် ဗျူရိုကရေစီယန္တရားနှင့် ဈေးနှုန်းကြီးမြင့်သည့်အပေါ် လာရောက်မှတ်ပုံမတင်ကြသေးဟု ယုံကြည်ရသည်။

၂၀၀၄ ခုနှစ်အတွက် မှတ်ပုံတင်ရာတွင် အလုပ်သမားများနှင့် မိခိုအပါအဝင် ရွှေ့ပြောင်းအလုပ်သမား ဦးရေ ၁၂၈၄၉၂၀ ကို မှတ်ပုံတင်နိုင်ခဲ့သည်။ အလုပ်သမားဦးရေ ၈၄၈၅၅၂ အား တစ်နှစ်ခံ အလုပ်သမားလက်မှတ်ထုတ်ပေးခဲ့ပြီး၊ ထိုင်းကျန်းမာရေးဌာနများတွင် ဆေးကုသခွင့် ပေးခဲ့သည်။ နောက်ထပ်နှစ်နှစ်ကာလအတွင်း ၎င်းမှတ်ပုံတင်ထားသော အလုပ်သမားများကို ပြန်လည်မှတ်ပုံတင်၍ ဆင့်ခေါ်ခဲ့ရာတွင် ၂၀၀၅ ခုနှစ်တွင် ၇၀၅၂၉၃ ဦးအထိ ကျဆင်းခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် ၄၆၀၀၁၄ ဦးရေအထိ ကျဆင်းခဲ့သည်။ ထိုအထဲမှ ၄၀၅ ၃၇၉ သည် မြန်မာအလုပ်သမားများ ဖြစ်ခဲ့သည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ဝန်ကြီးအဖွဲ့ ဆုံးဖြတ်ချက် ချအပြီးတွင် အလုပ်သမား ၂၂၀၈၉၂ အား မှတ်ပုံတင်ပေးခဲ့သည်။ နောက်ထပ် ၂၀၈၅၆၂ ဦးအား အလုပ်သမားကဒ်ထုတ်ပေးခဲ့ပြီး၊ ၁၆၃၄၉၉ ဦးမှာ မြန်မာအလုပ်သမားများ ဖြစ်သည်။

လက်ရှိထိုင်းမူဝါဒက ၂၀၀၂၊ ၂၀၀၃ ခုနှစ်အတွင်း ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံအကြား အနာဂတ်တွင် အလုပ်သမားလှုပ်ရှားမှုများကို တရားဝင်လမ်းကြောင်းများမှ ထိန်းချုပ်ရမည်ဟူသော သဘောတူ လက်မှတ်ရေးထိုးထားချက်ကို အကောင်အထည်ဖေါ်ရမည် ဖြစ်သည်။ ရည်ရွယ်ချက်မှာ လက်ရှိဖြစ်နေသော "တရားဝင်ဖြစ်ရေးအခြေခံ"မှ ဖယ်ကွာရေး ဖြစ်သည်။ ယင်းအခြေခံမှာ ရွှေ့ပြောင်းအလုပ်သမားများသည် တိုင်းပြည်မှ တရားမဝင်ထွက်ခွာလာကြပြီး၊ ဤနေရာတွင် တရားဝင်အောင် ပြုလုပ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ မူရင်းတိုင်းပြည်အတွင်းမှာပင် ရွှေ့ပြောင်းအလုပ်သမားများ ခွင့်ပြုချက်ရရှိနိုင်သော တရားဝင် ရွှေ့ပြောင်းရေးစီမံကိန်းကို အကောင်အထည်ဖေါ်ရန်ဟူသော ရည်ရွယ်ချက် ဖြစ်သည်။

နှစ်စဉ်မှတ်ပုံတင် ပြန်လည်အသက်ဆက်ခြင်းသည်သာလျှင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လမ်းပွင့်နေသော တခုတည်းသော နည်းလမ်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ယင်းလုပ်ငန်းစဉ်သည်သာလျှင် တရားဝင်နည်းလမ်းများ၏ ပြင်ပတွင်ရှိနေသော အလုပ်သမားအများအတွက် ခွင့်ပြုနိုင်လိမ့်မည် ဖြစ်သည်။ အလုပ်သမားကဒ် ကုန်ကျငွေနှင့် အလုပ်ရှင်ထံတွင် အလုပ်သမားကဒ်သိမ်းဆည်းခွင့် အာဏာအပ်နှင်းထားခြင်းသည် အဓိကကျသော အတားအဆီးများ ဖြစ်သည်။

လတ်တလောကာလတွင် လာအိုနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအလုပ်သမား ၅၀ ရာခိုင်နှုန်းအား MOU တွင် ပါရှိသည့်အတိုင်း လုပ်ဆောင်နေပြီ ဖြစ်သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် အလုပ်သမား ၅၀၀၀၀ နီးပါးအား တရားဝင် ဗီဇာ သို့မဟုတ် အလုပ်သမားကဒ်များ ထုတ်ပေးထားပြီး ဖြစ်သည်။ မဝေးလှသောကာလတွင် လုပ်ငန်းစဉ်တစ်ခုလုံး အပြည့်အဝ လည်ပတ်နိုင်လိမ့်မည် ဖြစ်သည်။ မကြာသေးခင်က ထိုင်းအစိုးရသည် မြန်မာနိုင်ငံမှ နောက်ထပ် အလုပ်သမား ၁၀၀၀၀ ထပ်မံခွင့်ပြုမည်ဟု ကြေငြာခဲ့သော်လည်း၊ ၎င်းစီမံချက်ပါ အရေအတွက်သည် များပြားလှသော မြန်မာအလုပ်သမားထုအတွက် လက်တွေ့မကျ ဖြစ်နေပြီး၊ အလုပ်သမားများသည် မြန်မာအစိုးရ အရာရှိများထံသို့ စစ်ဆေးခံရန်အတွက် လက်တွန့်နေဆဲ ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားများအား မှတ်ပုံတင်ခွင့်ပေးခြင်းသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိသလို သွယ်ဝိုက်သော သက်ရောက်မှုများလည်း ရှိသည်။ ပထဦးဆုံး အချက်အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမား အများစုသည် ဒုက္ခသည်များ ဖြစ်ကောင်း ဖြစ်နိုင်သည်။ စခန်းတွင်းတွင် လက်ရှိရှိနေသော ဒုက္ခသည်များနည်းတူ လူ့အခွင့်အရေးချိုးဖောက်မှုခံရပြီး ၎င်းတို့ အိုးအိမ်များကို စွန့်ခွာထွက်ပြေးလာသူများ ဖြစ်ကောင်းဖြစ်နိုင်သည်။ ရွေးချယ်ခွင့်အရ ၎င်းတို့သည် စခန်းအတွင်းတွင် မရှိနေကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တူညီသော အသိုင်းအဝန်းမှ လာကြသူများ မဟုတ်သကဲ့သို့ ၎င်းတို့အတွက် လက်တွေ့ကျသော ဝင်ခွင့်ပြုသည့်စနစ် မရှိသေးသောကြောင့် ဖြစ်နိုင်သည်။ ၎င်းတို့သည် အနိုင်ကျင့်ခံ၊ ခေါင်းပုံဖြတ်ခံရသည့် အခြေအနေအောက်တွင် ရှိနေသေးသော်လည်း၊ ရွှေ့ပြောင်းအလုပ်သမား မှတ်ပုံတင်ခြင်းသည် အကာအကွယ်ပေးမှု အတိုင်းအတာတခုနှင့် အသက်ရှင် ရပ်တည်နေရေးအတွက် အခွင့်အလမ်းတခုကို ဖန်းတီး ပေးလိုက်သည်။

ဒုတိယအချက်အားဖြင့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသဘောပေါက်နားလည်လာခြင်းနှင့် မှတ်ပုံတင်ခြင်း အတွေ့အကြုံများက ဒုက္ခသည်ဆိုင်ရာမူဝါဒကို သက်ရောက်နိုင်သည်။ ထိုင်းနိုင်ငံက အလုပ်အင်အား ပမာဏများစွာလိုအပ်နေသည်နှင့် အထောက်အထားတခု၏တန်ဖိုးကို သိရှိနားလည်လိုက်ခြင်းက ဒုက္ခသည်လူဦးရေသည် လုပ်အားအရင်းအမြစ်တခုဖြစ်နိုင်ပြီး၊ ဒေသဆိုင်ရာ စီးပွားရေးကိုလည်း အထောက်အကူဖြစ်စေနိုင်သည်ဟူသော သဘောပေါက်ချက်ကို ဦးတည်သွားစေသည်။ ဒုက္ခသည်များကို ID ကဒ်များ ထုတ်ပေးမည်ဟု ကတိကဝတ်ပြုထားဆဲ ဖြစ်သည်။ ဒုက္ခသည်များကို စခန်းပြင်ပသို့ အလုပ်ထွက်လုပ်ခွင့် သို့မဟုတ် အခြားသော အကြောင်းပြချက်များဖြင့် ထွက်ခွင့်ပြုကောင်းပြုနိုင်သော သဘောတူညီအောက်တွင် ယင်းကဒ်သည် အထောက်အကူ ပြုကောင်း ပြုလိမ့်မည် ဖြစ်သည်။

**နိုင်ငံတွင်းအခြေမဲ့မှု။** ။ ထိုင်းနိုင်ငံသို့ရောက်ရှိလာသော ဒုက္ခသည်အများစုမှာ ယခင်ကတည်းက မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတွင်းအခြေမဲ့ဘဝသို့ ရောက်ရှိနေပြီး ဖြစ်သည်။ ၂၀၀၆ ခုနှစ်အတွင်း လူထုအခြေပြု အဖွဲ့အစည်းများမှ ကောက်ယူသော ကွင်းဆင်းစစ်တမ်းများအရ မြန်မာပြည်အရှေ့ခြမ်းတွင် လောလောဆယ်ကာလအတွင်း နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူသည် သန်း တစ်ဝက်ထက် မနည်းကြောင်း ခန့်မှန်းတွက်ဆကြသည်။ ယင်းလူဦးရေတွင် တိုင်းရင်းသားများထိန်းချုပ်သော အပစ်အခတ်ရပ်စဲထားသော ဒေသများအတွင်း ယာယီအခြေချနေထိုင်သူ ခန့်မှန်းခြေ ၂၈၇၀၀၀ ဦး၊ လူသားချင်းတရားမဲ့နှိပ်စက်မှုကို အခံရဆုံးသော ဒေသများတွင် နအဖ ရန်မှ ပုန်းအောင်းနေသူ အရပ်သား ၈၅၀၀၀ ဦး နှင့် နအဖ၏ ပြောင်းရွှေ့အမိန့်ကို နာခံပြီး၊ နအဖ၏ ရွှေ့ပြောင်းရေးကျေးရွာများအတွင်း နေထိုင်နေသော ကျေးရွာသား ၁၁၈၀၀၀ ဦးရေ ပါဝင်သည်။ နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူဦးရေ၏ ပမာဏ၊ ဖြန့်ခွဲမှု နှင့်

အမျိုးအစားများ နောက်ဆက်တွဲ (ဆ) တွင် အကျဉ်းချုပ်ဖော်ပြထားသည်။ အောက်ဖော်ပြပါ ဇယားသည် ၂၀၀၆ ခုနှစ်အတွင်း အိုင်ဒီပီ ဖြန့်ခွဲမှု၏ အကျဉ်းချုပ်ဖြစ်သည်။

**Distribution of Internally Displaced Persons in Eastern Burma in 2006**

| States and Divisions | IDPs in Hiding | IDPs in Relocation Sites | IDPs in Ceasefire Areas | Total IDPs |
|---|---|---|---|---|
| Southern Shan State | 13,300 | 31,300 | 131,000 | 175,600 |
| Karenni State | 9,300 | 6,400 | 63,600 | 79,300 |
| Eastern Pegu Division | 17,400 | 6,400 | 0 | 23,800 |
| Karen State | 49,100 | 4,300 | 45,900 | 99,300 |
| Mon State | 300 | 500 | 41,000 | 41,800 |
| Tenasserim Division | 5,600 | 69,100 | 5,500 | 80,200 |
| **Overall** | **95,000** | **118,000** | **287,000** | **500,000** |

မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း ချိုးဖောက်မှုအခံရဆုံးသော ပြည်သူများမှာ မြန်မာစစ်တပ်အန္တရာယ်မှ ပုန်းရှောင်နေသောသူများ နှင့် ပဲခူးအရှေ့ခြမ်း နှင့် ကရင်ပြည်နယ်မြောက်ဘက်ပိုင်းအတွင်း လှည့်လည်နေထိုင်နေကြသော နိုင်ငံတွင်းအခြေမဲ့သူ အမြောက်အများ ဖြစ်သည်။ နအဖ တပ်ရင်း ၄၀ ကျော်သည် လွန်ခဲ့သော ၆ လ အတွင်းတွင် မြို့နယ် ၄ ခု၌ အရပ်သားများ အသက်ရှင်ရပ်တည်ခြင်း နည်းလမ်းများကို ဖျက်ဆီးခြင်းနှင့် အရပ်သားများ နေထိုင်ရာနေရာများကို ရှာဖွေခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် ရွာသား ၃၉ ဦး တရားမဲ့ သတ်ဖြတ်ခြင်း ခံခဲ့ရပြီး၊ ရွာသား ၅၅၀၀၀ ဦးသည် ၎င်းတို့ကျေးရွာများအနီး တောတောင်များ၌ ကြောက်လန့်တကြား ပုန်းအောင်းခဲ့ရသည်။ ၎င်းဒေသအတွင်း နအဖစစ်တပ်များမှ အပြီးသတ် သိမ်းပိုက်မှု မရှိသေးသော်လည်း အသက်မွေးဝမ်းကြောင်းမှုများ အကြီးအကျယ် ဖျက်ဆီးခြင်းခံနေရပြီး၊ ပြန်လည် ရင်ဆိုင်နိုင်ရေး နည်းလမ်းများလည်း မရှိသလောက် ဖြစ်ခဲ့ရသည်။

ကရင်နီနှင့်ထိစပ်သောနေရာများဖြစ်သည့် ဖားဆောင်းနှင့် ဖရူးဆိုး မြို့နယ်အတွင်း မော်ချီး–တောင်ငူကားလမ်း ဆက်စပ်နေသော နေရာများသည် ပဋိပက္ခအဖြစ်များဆုံးသော နေရာများအဖြစ် ဆက်လက်တည်ရှိနေသည်။ လွန်ခဲ့သော ၆ လအတွင်း နအဖသည် စစ်စခန်းအသစ်များ တည်ဆောက်ရန် ကြိုးစားဆဲဖြစ်သော်လည်း၊ ကရင်အမျိုးသားတိုးတက်ရေးပါတီက စခန်းများကို မီးရှို့ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်း နှင့် ဝင်ရောက်စီးနင်းခြင်းများဖြင့် တွန်းလှန်ခဲ့သည်။ နအဖက ဒေသခံကျေးရွာသားများကို စခန်းများပြန်လည်တည်ဆောက်ရန်အတွက် အတင်းအကြပ်ခိုင်းစေခြင်း၊ ရွာအပြင် စိုက်ခင်းများ ပြုပြင်ခြင်းမလုပ်နိုင်စေရန် လယ်သမားများကို နေဝင်မီးငြိမ်းအမိန့်များ ထုတ်ပြန်ခြင်း၊ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း နှင့် ရွာသူကြီးများကို သတ်ဖြတ်ခြင်းစသော လုပ်ရပ်များဖြင့် လက်စားချေခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခတစ်ခုတွင် စစ်ပွဲပါအဖွဲ့အစည်းများအကြား ချိန်နဲ့စေခြင်း နှင့် အခြေမဲ့ခြင်းဖြစ်စေသည်မှာ ပြဿနာတစ်ရပ်မဟုတ်ပေ။ သို့သော် SPDC သည် အရပ်သားများကို အစားထိုးပစ်မှတ်အဖြစ် လူသားချင်းတရားမဲ့သတ်ဖြတ်မှုများကို ကျူးလွန်နေသည်။

မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူအများစုသည် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် နေထိုင်ကြသည်။ သို့သော် ၂၀၀၆ ခုနှစ်အတွင်းတွင် တိုင်းရင်းသား အပစ်ရပ်အဖွဲ့များ ထံတွင်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာ တော်တော်များများကို နအဖက ဖယ်ရှားခဲ့သည်။ ရှမ်းပြည်နယ်တွင် အစိုးရစစ်တပ်များ အပစ်ရပ်စဲထားသော ဒေသများသို့ ချဲ့ထွင်လာမှုသည် ရှမ်းပြည်နယ် တပ်မတော် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (SSNPLO) တို့ အုပ်ချုပ်သော ဒေသများတွင် အခြေမဲ့လူဦးရေ သိသိသာသာ ကျဆင်းသွားခဲ့သည်။ စစ်တပ်များတိုးချဲ့ချထားခြင်းတွင် ကျေးရွာများကို အမိန့်ဖြင့် ပြောင်းရွှေ့ခြင်း၊ မြေယာများ သိမ်းယူခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ခရီးသွားခြင်းများကို ကန့်သတ်ခြင်း နှင့် ခွဲခြားဆက်ဆံခြင်းများစသော နည်းလမ်းများပါဝင်သည်။ ဩဂုတ်လမှစ၍ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) SSA-N အုပ်ချုပ်ရေးအောက် ခွန်ဟင်း နှင့် မောင်ဝ်ပန်းများအတွင်းရှိ ကိုယ်ထူကိုယ်ထကျေးရွာစာသင်ကျောင်း ၈၀ တွင် ရှမ်းဘာသာစကားသင်ကြားခြင်းကို နအဖက ပိတ်ပင်ခဲ့ပြီး ရှမ်းဘာသာဖြင့် ရေးသားထားသော ပြဋ္ဌာန်းစာအုပ်များအားလုံးကို သိမ်းယူသွားခဲ့သည်။

မွန်ပြည်နယ်တွင် ၁၉၉၅ ခုနှစ်၌ မွန်ပြည်သစ်ပါတီနှင့် နအဖတို့သဘောတူညီမှု ရရှိခဲ့သော်လည်း နအဖ၏ ဆက်လက်ဖြစ်ပေါ်နေဆဲ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မွန်ခွဲထွက်အုပ်စုမျိုးစုံ၏ လက်နက်ကိုင်ခုခံစစ် ဆက်လက်ဖြစ်ပေါ်စေသည်။ လွန်ခဲ့သော နှစ်များအတွင်း နအဖ၏ စစ်ရေးတိုးချဲ့မှုနှင့် ခွဲထွက်အုပ်စုနှစ်စု ချုပ်ငြိမ်းသွားသော်လည်း ရေးမြို့နယ်တောင်ပိုင်း နှစ်ဖက်အုပ်ချုပ်မှုရှိသော ဒေသများအတွင်း စနစ်တကျချိုးဖောက်မှုများအပေါ် စိတ်မကျေနပ်မှုများက ၂၀၀၆ ခုနှစ် နောက်ထပ် ပြောက်ကျားအဖွဲ့ ၂ ခု ဖွဲ့စည်းကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော် နိုင်စွတ်ဂလွန် နှင့် ချမ်းဒိမ်း တို့ ဦးဆောင်သော ကြိုကြားကြိုကြား ချုံခိုတိုက်ခိုက်မှုများသည် အခြေအနေကို ပိုမိုရှုပ်ထွေးစေပြီး၊ ရွာသားများအပေါ် နအဖ၏ လက်စားချေမှုကိုသာ တွင်ကျန်ရစ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးစာချုပ်များမှ ထပ်မံအပိုဆောင်း ပါရှိလာသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဥပက္ခာပြုနေပါက ထိုစာချုပ်များ၏ အရှည်တည်တန့်မှုများ ချိနဲ့နေပြီး၊ အိုးအိမ် အခြေမဲ့မှုများသည်လည်း ဆက်လက်ဖြစ်ပေါ်နေမည်သာ ဖြစ်သည်။

တနင်္သာရီတိုင်းတွင် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများသည် အစိုးရထိန်းချုပ်သော ရွှေ့ပြောင်းရေး စခန်းများတွင် နေထိုင်ကြသည်။ ၂၀၀၆ ခုနှစ်အတွင်းတွင် နအဖ၏ ကမ်းရိုးတန်းစစ်ဌာနချုပ်က ကျေးရွာပိုင် တောတန်းများ နှင့် စိုက်ပျိုးမြေ ကေထောင်သောင်းချီ၍ သိမ်းယူခဲ့သည်။ မူရင်းမြေပိုင်ရှင်များကို လျော်ကြေးတစုံတရာပေးခြင်းမရှိသေးသော်လည်း နအဖစစ်တပ်နှင့် ပုဂ္ဂလိကရင်းနှီးမြုပ်နှံရှင်များ၏ ဆီအုန်းနှင့် ရာဘာစိုက်ခင်း ပူးတွဲစီးပွားရေးလုပ်ငန်းများမှ အကျိုးအမြတ်များစွာ ရရှိနေကြသည်။ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးဆက်များသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းကို ကာလတိုတစ်ခုတွင် ဖျက်ဆီးပစ်သည်သာမက ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်ရသော ပြည်သူများ၏ ၎င်းတို့၏ နေရာများသို့ တနေ့တွင်ပြန်လည်နေထိုင်မည်ဟူသော မျှော်လင့်ချက်ကိုပါ ရိုက်ချိုးပစ်သလို ဖြစ်ခဲ့သည်။ ဇီဝဖြစ်စဉ်အပေါ် သစ်တောမျိုးပြုန်းမှု၏ ရေရှည်သက်ရောက်မှုကိုလည်း စိုးရိမ်မကင်း ဖြစ်နေကြသည်။

မြန်မာနိုင်ငံအရှေ့ခြမ်းဒေသအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့မှုကို အကျဉ်းရုံးတင်ပြထားသကဲ့သို့၊ နောက်ဆက်တွဲ (ဆ) တွင်လည်း နအဖ၏ စစ်စခန်းများ ဆက်လက်တိုးချဲ့မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆိုးဝါးသော သက်ရောက်မှုများကိုလည်း ဖေါ်ပြထားသည်။ နယ်မြေများလက်ဝယ်ရရှိရန်အတွက် နအဖသည် မြန်မာနိုင်ငံ အရှေ့ခြမ်းတခုလုံးတွင် တပ်ရင်းများတိုးချဲ့မှုကို နှစ်ဆပို၍ လုပ်ဆောင်ခဲ့သည်။ မြန်မာစစ်တပ်၏ ရှေ့တန်း တပ်ဖွဲ့များအတွက် ရိက္ခာကို ဖြတ်တောက်ခဲ့သည်။ ယင်းစစ်တပ်တိုးချဲ့မှုများကို အထောက်အပံ့ ဖြစ်စေရန်အတွက် ကျေးရွာသားများ၏ စပါးခင်းများနှင့် သီးနှံခင်းများ သိမ်းဆည်းခြင်းခံခဲ့ရသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ပဋိပက္ခဖြစ်ပွားရာဒေသအတွင်း ဆင်းရဲမွဲတေမှုကို အနည်းငယ်မျှသာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆန့်ကျင်ဖက်အားဖြင့် ယင်းလုပ်ဆောင်ချက်များသည် ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုများကို ရံဖန်ရံခါဆိုသလို ဖျက်ဆီးတက်ပြီး၊ ကျေးရွာလူထုအပေါ် စစ်တပ် ထိန်းချုပ်ရေးအတွက်ကိုသာ အဓိကအားဖြင့် လုပ်ဆောင်ပေးသည်။

**နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု။** ။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်ချက်သည် ဝေဝါးဝါး ဖြစ်နေဆဲပင် ဖြစ်သည်။ ၁၉၉၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့မှ စတင်သော အမျိုးသားညီလာခံကို ဆယ်ကြိမ်မြောက် ပြန်လည်ကျင်းပခဲ့ပြီး၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ပြန်လည် ရပ်နားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် နအဖက ပြန်လည် ကျင်းပမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း၊ ထုံးစံအတိုင်း အချိန်အတိအကျ သို့မဟုတ် ကာလသတ်မှတ်မှု မပါရှိခဲ့ပေ။ ယခင်က ထိုကဲ့သို့ ကြိမ်ဖန်များစွာ ဖြစ်ခဲ့သော်လည်း ယခုအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်လိမ့်မည်ဟူသော မှန်းဆချက်များ ထွက်ပေါ်လာနေသည်။

ထိုအဆင့်သည် ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ကြေငြာခဲ့သော နအဖ၏ လူကြိုက်နည်းသော ဒီမိုကရေစီလမ်းပြမြေပုံ၏ ပထမအဆင့် ပြီးမြောက်လိမ့်မည်ဖြစ်ပြီး၊ ပြည်သူ့ဆန္ဒခံယူပွဲတွင် လူထုထံသို့ တင်ပြမည့် ဖွဲ့စည်းပုံအခြေခံမူကြမ်းကို မည်သူကတာဝန်ယူ၍ ရေးဆွဲရန်နှင့် လမ်းပြမြေပုံ၏ နောက်အဆင့်အတွက်လည်း ရေရာမှု မရှိသေးပေ။ အမျိုးသားညီလာခံမှခန့်အပ်သော ကော်မတီတစ်ခုခုက ယင်းတာဝန်ကို ယူကောင်းယူနိုင်ဖွယ်ရာ ရှိသည်။

၁၉၉၃ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် နောက်ဆုံးတွင် အခြေခံဥပဒေအား ပြည်သူလူထုမှ လက်ခံလာစေရေး နှင့် ကတိပြုထားသော ရွေးကောက်ပွဲတွင် ဗိုလ်ချုပ်ကြီးများ အလေးသာရေးအတွက် အဓိကလုပ်ရှားမည့်သူများ ဖြစ်လိမ့်မည်ဟု မျှော်မှန်းချက်များ ထွက်ပေါ်လာနေသည်။ ကြံ့ဖွတ်အဖွဲ့တွင် အဖွဲ့ဝင် ၂၃ သန်းရှိသည်ဟု ပြောဆိုနေပြီး၊ နအဖ ဗိုလ်ချုပ်ကြီးများနှင့် တိုင်းစစ်ဒေသမှူးများက တိုက်ရိုက်ကြီးကြပ်သည်။ ကြံ့ဖွတ်အဖွဲ့ဝင်များကို စစ်သင်တန်းများ တောက်လျှောက်ပေးနေပြီး၊ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှစ၍ ၎င်းတို့အား အောက်ခြေအဆင့် ဒေသန္တရအုပ်ချုပ်ရေးအဆင့်များတွင် တစစနှင့် တာဝန်စပေးခဲ့သည်။

ယင်းလုပ်ငန်းသည် စစ်တပ်အုပ်ချုပ်မှု နောက်ထပ်ပုံစံအသစ်မှလွဲ၍ မည်သည့်အရာမှ ပေါ်ထွက်လာနိုင်ဖွယ်ရာမရှိ မျှော်လင့်ထားရပြီး၊ ဒီမိုကရေစီလှုပ်ရှားမှု သို့မဟုတ် တိုင်းရင်းသားလူမျိုးစုများအတွက် မျှော်မှန်းချက်များကို အသိအမှတ်ပြုမည့် အလားအလာမှာ လွန်စွာ နည်းပါးလှသည်။ ဗိုလ်ချုပ်သန်းရွှေ၏ နာမကျန်းဖြစ်မှု နှင့် နအဖခေါင်းဆောင်မှုအတွင်း အာဏာလွန်ဆွဲပွဲစသော အမြဲထွက်ပေါ်နေသည့် ကောလဟာလများက မည်သည့်အရာကိုမျှ ခန့်မှန်း၍မရဟု ဆိုလိုနေသည်။ နအဖ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း နှင့် တစုံတရာပိုမိုထိရောက်သော ဖိအားပေးမှုများဖြင့် နိုင်ငံတကာအသိုင်းအဝန်းသည် တချို့ကိစ္စရပ်များကို ထိန်းချုပ်ကောင်း ထိန်းချုပ်နိုင်သည်။

အထူးသဖြင့် အမေရိကန် လှုံ့ဆော်မှုများနောက်ပိုင်း၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ မြန်မာပြည်အရေးကို ၎င်း၏တရားဝင်ဆွေးနွေးမည့်အကြောင်းအရာစာရင်းတွင် ထည့်သွင်းရန် မဲပေးဆုံးဖြတ်ခဲ့သဖြင့်၊ မြန်မာပြည်အရေးကို ကောင်စီအား တရားဝင်ဆွေးနွေးရန် ခွင့်ပြုပေးခဲ့သည်။ နိုဝင်ဘာလတွင် ယူအန်န် နိုင်ငံရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် အီဗရာဟန် ဂန်ဘာရီသည် မြန်မာပြည်သို့ ဒုတိယအကြိမ် ထပ်မံလည်ပတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့အား တွေ့ခွင့်ပြုခဲ့သော်လည်း ရေရာသော ရလဒ်တစုံတရာ ထွက်ပေါ်လာခြင်း မရှိခဲ့ပေ။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က “တိုင်းရင်းသားကိုယ်စားလှယ်များနှင့် နိုင်ငံရေးခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအရ သက်ဆိုင်သူများအားလုံးပါဝင်သော စစ်မှန်သော ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတစ်ခုကို ဦးတည်သည့် မှန်ကန်သော နိုင်ငံရေးဆွေးနွေးပွဲတစ်ခုကို ချက်ချင်းပြုလုပ်ပေးရန်” ဟူသော နှစ်နိုင်ငံတောင်းဆိုမှုတစ်ခုကို လုံခြုံရေးကောင်စီသို့ မဲခွဲဆုံးဖြတ်ရန် တင်သွင်းခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်းပင်၊ တရုတ်ပြည်နှင့် ရုရှားနိုင်ငံများက ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ထောက်ခံမဲ ၉ မဲ၊ တောင်အာဖရိက၏ ကန့်ကွက်မဲအပါအဝင် ကန့်ကွက်မဲ ၃ မဲ နှင့် အင်ဒိုနီးရှားအပါအဝင် ကြားနေမဲ ၃ မဲ ရခဲ့သည်။

မြန်မာပြည်အတွင်း အပြောင်းအလဲများ ဖြစ်ပေါ်စေရေး ဆောင်ရွက်နေသော နိုင်ငံတကာအသိုင်းအဝန်းအတွက် ယမ်းပုံမီးကျ ဖြစ်ခဲ့ရပြီး၊ အထူးသဖြင့် အာဆီယံအဖွဲ့ကြီးက ခေါင်းမာသော အဖွဲ့ဝင်နိုင်ငံများ၏ ချိုးဖောက်မှုများကို ဖြေရှင်းရာတွင် ထိရောက်သော နည်းလမ်းတစ်ခုအဖြစ် အဖွဲ့ဝင်နိုင်ငံများအကြား တာဝန်ခံမှု ပိုမိုရှိစေရေး သဘောတူစာတမ်းတစ်ခု မူကြမ်းကို ရေးဆွဲလျက်ရှိသည်။ ဇန်နဝါရီလ စီဘူးတွင်ကျင်းပသော နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးက “ဒေသတွင်း အရေးပါသောကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် ခိုင်မာသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုအဖြစ် အာဆီယံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားရန် လိုအပ်သည်” ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံအား “အမျိုးသားရင်ကြားစေ့ရေးအတွက် ခိုင်မာသော တိုးတက်မှု လုပ်ဆောင်ရန်” တွန်းအားပေးသည်ဟူ၍ ကြေငြာချက် ထုတ်ပြန်ခဲ့သည်။ ထိန်းသိမ်းထားသူများ ပြန်လွှတ်ပေးရန် နှင့် နိုင်ငံရေးပါတီများအားလုံးပါဝင်သော ထိရောက်သည့် ဆွေးနွေးပွဲများ ပြုလုပ်ရန်လည်း ယင်းကြေငြာချက်က တောင်းဆိုခဲ့သည်။

စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ဆက်လက် ယိုယွင်းနေသည်နှင့်အမျှ နအဖက တိုင်းပြည်သည် ဆထက်တပိုး တိုးတက်လျက်ရှိပြီး၊ တိုင်းပြည်၏ စီးပွားရေးမှာလည်း မယုံနိုင်လောက်အောင် အလားအလာ ကောင်းများရှိနေသည်စသော ၎င်း၏ မစားရဝခမန်း စကားလုံးများဖြင့် မည်သည့်ပြဿနာမျှ မဖြစ်လေ သယောင် ပကတိအခြေအနေကို ငြင်းဆန်နေဆဲဖြစ်သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) က ဆက်လက်ဖြစ်ပေါ်နေသော အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများကြောင့် နအဖအား နိုင်ငံတကာတရားရုံးသို့ တိုင်ကြားမည်ဟု နိုဝင်ဘာလတွင် သဘောတူခဲ့သည်။ ပဋိပက္ခဖြစ်ပွားရာနေရာများအတွင်း ၎င်းတို့၏

လုပ်ငန်းများကို အကြီးအကျယ် နှောင့်ယှက်ဟန့်တားခံနေရသောကြောင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့က ၎င်း၏ ဝန်ထမ်းများ လျှော့ချခဲ့သည်။ ပြင်ပကြိုးပမ်းမှုများမှ တစုံတရာ ရလဒ်မထွက်နိုင်သေးချိန်တွင် ၈၈ မျိုးဆက်ကျောင်းသားများဦးဆောင်သော တိုင်းပြည်အတွင်း လှုပ်ရှားတက်ကြွသူများက နအဖကို ရှားရှားပါးပါး လူသိရှင်ကြား ထုတ်ဖော်ဆန့်ကျင်သော လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့မှာ လူထုဆန္ဒ လက်မှတ်ကောက်ယူပွဲ၊ ဆုတောင်းပွဲ နှင့် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးပြဿနာများကို ဖော်ထုတ်သော ရင်ဖွင့်လွှာ လှုပ်ရှားမှုတို့ ဖြစ်သည်။

စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုက မဝေးလှသော အနာဂတ်တွင် နယ်စပ်အခြေအနေများ ကောင်းမွန်လာလိမ့်မည် ဟူသော မျှော်လင့်ချက်ကို နည်းပါးစေခဲ့သည်။ ထောင်ချီသော အရပ်သားများသည် အိုးအိမ်မဲ့ ဖြစ်နိုင်ဖွယ်ရှိပြီး၊ အများစုမှာ ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည် သို့မဟုတ် တရားမဝင်အလုပ်သမားများ အဖြစ်နှင့် ရောက်လာနိုင်ဖွယ်ရှိသည်။ ၎င်းတို့၏ မျှော်လင့်ချက်များသည် ဒုက္ခသည်စခန်းများအတွင်း ဝန်ဆောင်မှု၊ အကာအကွယ် အထောက်အပံ့များနှင့် ခိုလှုံခွင့်ဆက်လက်ပေးရေးဟူသော ထိုင်းအစိုးရ၏ ဆန္ဒအပေါ်တွင် မူတည်သည်။

စက်တင်ဘာလတွင် စစ်တပ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ကြားဖြတ်အစိုးရဖွဲ့ခဲ့ရသော ထိုင်းနိုင်ငံ၏ ပကတိနိုင်ငံရေးအကြပ်အတည်းကြောင့် မြန်မာနိုင်ငံ သို့မဟုတ် ဒုက္ခသည် အပေါ်တွင် ထားရှိသော ထိုင်းနိုင်ငံ၏ မူဝါဒသည် ကြီးမားစွာ ပြောင်းလဲခြင်း မရှိသေးပေ။ သို့သော် ဒီဇင်ဘာလတွင် ပြုလုပ်သော ထိုင်းအစိုးရနှင့် အန်ဂျီအိုများပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အလေးဂရုပြုရန် နှင့် မှတ်ပုံမတင်ထားသော ဒုက္ခသည်များကို အထောက်အပံ့များ မပေးရန် အန်ဂျီအိုများကို သတိပေးခဲ့သည်။

နိဂုံးချုပ်အားဖြင့် ခရစ်စမတ်ပွဲတော်စရန် အချိန်အနည်းငယ်အလိုတွင် ဗိုလ်ချုပ်ကြီးစောဘိုမြ ဆုံးပါးသွားခဲ့သည်။ ခရစ်စမတ်အပြီး နောက်တနေ့ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မြေမြုပ်သင်္ဂြိုဟ်ခဲ့ပြီး၊ KNU ၏ ခေတ်တစ်ခေတ်ကို ဇာတ်သိမ်းစေခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှလက်အောက်တွင် အမှုထမ်းခဲ့သည်။ ၁၉၄၉ တွင် စတင်ခဲ့သော ကရင့်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး၊ ၁၉၇၆ မှ ၂၀၀၀ အထိ KNU ၏ ဥက္ကဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဒုဥက္ကဌတစ်ဦးအဖြစ် ဗိုလ်ချုပ်ကြီးစောဘိုမြသည် KNU ကိုယ်စားလှယ်တစ်ဖွဲ့ကို ဦးဆောင်၍ ရန်ကုန်သို့သွားရောက်ကာ ဗိုလ်ချုပ်ခင်ညွန့်နှင့် တွေ့ဆုံခဲ့သည်။ သူသေဆုံးအပြီး ရက်အနည်းငယ်အတွင်း၌ပင် သူ၏မိသားစုနှင့်ဆက်နွယ်သော KNU အုပ်စုတစ်စုက မြန်မာပြည်သို့သွား၍ ငြိမ်းချမ်းရေးစကားဝိုင်းကို ဆက်လက် ပြုလုပ်ခဲ့သည်။ ထိုအုပ်စုတွင် KNU ၏ နောက်ခံအားပေးမှု မရှိပဲ၊ ယခုအစီရင်ခံစာရေးနေချိန်တွင် ထိုအုပ်စုသည် တစုံတရာ အောင်မြင်မှု ရလဒ် ရရှိဟန် မပေါ်သေးပေ။